**မြဝတီ နေ့စဉ်**

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အကုသိုလ်ရှောင် ကုသိုလ်ဆောင် ဖြူအောင် စိတ်ကိုထား။ ဘုရားတိုင်းသာဟောမိန့်မှာ သုံးဖြာ ဤစကား။ ဘုရားတပည့် ထားသတိ ပွားဘိ ဤတရား။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။


၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး၊ ပေါင်း ၅၀၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းအပ်နှံ

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည်ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှု၊ **စာမျက်နှာ ၆ ကော်လံ ၁ ●**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေပေးအပ်စဉ်။

**ဆောင်းပါး**

**ဆယ်နှစ်မှသည် အနာဂတ်ဆီ တူညီရွှေ့လှမ်း မဲခေါင်-လန်ချန်း**

စာ - ၁၃ သို့

**စစ်ကိုင်း-မင်းကွန်း ကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှု ၄၀ ရာခိုင်နှုန်းကျော်ပြီးစီး**



စာ - ၃ သို့

| ထူးခြားသည့်နေ့အပူချိန်များ ၁၉-၃-၂၀၂၆ | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| သာစည်(လှိုင်းတက်) | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မိတ္ထီလာ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက်)

# စည်းလုံးညီညွတ်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကိုအလှဆင်

မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားလူမျိုးအပေါင်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိကြသူများဖြစ်ကြသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များပိုင်းခြားသတ်မှတ်ပေးထားရာတွင် လူမျိုးစုအမည်များပါရှိသည့် ပြည်နယ်များလည်းပါဝင်သည်။ မည်သည့်နေရာဒေသတွင်မဆို တိုင်းရင်းသားလူမျိုးအားလုံးသည် မိမိတို့နှစ်သက်မြတ်နိုးရာဒေသတွင် အေးချမ်းစွာစုပေါင်းနေထိုင်လျက်ရှိကြသည်။ စည်းလုံးညီညွတ်ခြင်းသည်အရာရာကိုအောင်မြင်မှုဖြစ်ပေါ်စေသည်။

ယနေ့အချိန်အခါတွင်မြန်မာနိုင်ငံသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲ၍ အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်သည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ မတ်လ ၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်တို့ကို ခေါ်ယူကျင်းပလျက်ရှိပြီး နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများအပါအဝင် လွှတ်တော်အစည်းအဝေးများကို အစီအစဉ်အတိုင်းဆောင်ရွက်လျက်ရှိသည်။ မကြာမီကာလအတွင်း နိုင်ငံတော်သမ္မတအသစ်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ရပ်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

နိုင်ငံတော်၏လုပ်ငန်းစဉ်များ အချိန်တိုအတွင်းထိရောက်အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများကထွက်ပေါ်လာမည့် နိုင်ငံတော်အစိုးရအသစ်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့်တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်သည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေးစသည့် အဓိကကျပြီး အခြေခံလိုအပ်ချက်ဖြစ်သောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **“သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အလွန်ပင်အရေးကြီးလှပါသည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပူမှုများချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီးလှပါသည်”**ဟူ၍ ထည့်သွင်းဖော်ပြထားသည်။

ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့်လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့် လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်လိုအပ်သည်။ ထို့ပြင် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရရှိပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန်ဖြစ်သည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ဒီမိုကရေစီလမ်းကြောင်းတွင် ပါဝင်လျှောက်လှမ်းရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် စည်းလုံးညီညွတ်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကိုအလှဆင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု ၄၀ ရာခိုင်နှုန်းကျော်ပြီးစီး



စစ်ကိုင်း မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ယခုဘဏ္ဍာနှစ်အတွင်း စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၄၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းကို စစ်ကိုင်းမြို့နှင့် ဝါးချက်တောင်ရွာကြား ဧရာဝတီမြစ်ကမ်းဘေးတွင် အလျားပေ ၁၀၀၀ ဆောင်ရွက်နေခြင်းဖြစ်သည်။

"စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ အောက်ခြေပိုင်း ခိုင်ခံ့မှုရှိစေဖို့အတွက် ဘိုးပိုင်တွေကို ထည့်သွင်းတည်ဆောက်ထားပြီး အဲဒီဘိုးပိုင်တွေအပေါ်မှာ သံကူကွန်ကရစ်မြေထိန်းနံရံကို တည်ဆောက်တာဖြစ်ပါတယ်။ အဲဒီမြေထိန်းနံရံကိုလည်း အမြင့်ဆုံးရေရောက်ရှိနိုင်တာထက် ၁ ပေလောက်ပိုမြင့်ပြီး တည်ဆောက်မှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲသွေးအောင်ကပြောသည်။

ထိုမြေထိန်းနံရံတည်ဆောက်ပြီးစီးပါက မူလကားလမ်းထက် မြစ်ဘက်သို့ ၁၃ ပေခန့် ပိုကျယ်လာမည်ဖြစ်ကာ လမ်းအသုံးပြုသွားလာကြသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်သည့်အတွက် သွားလာရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ဆောင်းဦး

# ပန်းတောင်းမြို့နယ်၌ လူငယ်များစာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကျင်းပ

ပန်းတောင်း မတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၁၈ ရက်က လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများ၊ စာဖတ်ခြင်းကြောင့်ရရှိလာမည့် ဆင်ခြင်တုံတရားနှင့် ဗဟုသုတများအကြောင်းကို အကျယ်တဝင့် အသိပညာပေးဟောပြောသည်။



ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ခေါင်းစဉ်များအလိုက် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက် - ၃ ဒေါ်ခက်ခက်ဦးက ဗဟုသုတရဖွယ်ကဗျာများ၊ ကာတွန်းများ၊ ပုံပြင်များကို အသိပညာပေးပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ပဲလွမ်းဖြူများဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရည်မွန်၏ပြောကြားချက်အရ သိရသည်။

ဓနုဖြူမြို့နယ်၌ ယခုနှစ် မတ်လဒုတိယပတ်မှစတင်ပြီး လက်ရှိအချိန်ထိ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် တခြားဈေးကွက်ကပါ ဝယ်လိုအားကောင်းလာပြီး ဒေသထွက်ပဲလွမ်းဖြူများ လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဈေးလည်းအနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက်ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ မထွက်သေးပါဘူး။ ဒေသထွက်ပဲလွမ်းဖြူက ဆောင်းသီးနှံတွေရိတ်သိမ်းချိန်မှာ အထွက်များပါတယ်'' ဟု ဒေါ်ရည်မွန်ကပြောသည်။

ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း စသည့် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သုတကျော်

# အခြေခံအင်္ဂလိပ်စကားပြောသင်တန်းနှင့် ပန်းချီရေးဆွဲနည်းသင်တန်းဆင်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲကို မတ်လ ၁၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံ(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာပေ၏အကျိုးကျေးဇူးများကို သိရှိလေ့လာနိုင်ရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည်အထိ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှမင်းက မုဒိတာစကားပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား အခမဲ့သင်ကြားပို့ချပေးပြီး သင်တန်းတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

နေမျိုးအောင်

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မိတ်ဆက်ပေးရဦးမယ်၊ သူက ညီလင်းညို့တဲ့၊ သူကတော့ စိုင်းမင်းအောင်တဲ့၊ မှတ်ထားနော် ညီလင်း'

'ဟုတ်ကဲ့၊ ဝမ်းသာပါတယ်'

တကယ်ဝမ်းမသာဘဲနှင့် ဝမ်းသာသည်ဟုပြောလိုက်ပြီး ညီလင်းသည် ဟက်ခနဲရယ်လိုက်မိသည်။ ပြုံးရယ်ရင်း လက်ကမ်းပေးသော သူ့ကို ခေတ္တငေးကြည့်နေမိသေးသည်။ ပြီးမှ သူ့လက်ကို ကမန်းကတန်းဆန့်ထုတ်ကာ ဖျစ်ညှစ်နှုတ်ဆက်လိုက်ရသည်။ မခံချင်သလိုလို၊ ဝမ်းနည်းသလိုလို၊ ဒေါသဖြစ်သလိုလိုနှင့် ရင်ထဲတွင် မအီမလည်ကြီးဖြစ်လာသည်။ လှောင်သလိုလိုပြုံးနေသော စုလှိုင်၏ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ ယဉ်ကျေးမှုဆိုတာ မျက်နှာပြောင်တိုက်တာပဲလားဗျ၊ ဟင် ပြောစမ်းပါစုရဲ့'ဟု အော်ပြီး မေးလိုက်ချင်စိတ်ပေါက်လာလေသည်။

'ထိုင်လေ ကိုအောင်၊ ဒီမှာပဲ ထိုင်ကြပါစို့'

စုလှိုင်က စိုင်းမင်းအောင်၏လက်ကိုဆွဲကာ ထိုင်ခိုင်းသည်။ ကိုအောင်ဟု ခေါ်လိုက်သောအသံလေးသည်ညီလင်း၏နားထဲသို့ခါးပြီးဝင်သွားသည်။ သို့သော် ဣန္ဒြေမပျက်ပြုံးနေနိုင်အောင် ကိုယ့်ကိုယ်ကိုယ်ထိန်း၍ ထားသည်။ လှောင်ပြောင်သရော်လိုသူ၏ရှေ့တွင် မနှစ်သက်စကား၊ မနာလိုအကြည့်များကို ထုတ်ဖော်မပြောမိမပြမိအောင် ထိန်းနိုင်သောသတိရှိနေသေးသည်။

'မမစု နေကောင်းသွားပြီလား'

'အရင်က နေမကောင်းလို့ မေးတာလား'

'ဟိုတစ်လောက ဖြူရော်ရော်နဲ့မို့'

စုလှိုင်က သွေးသွန်သည်ဟုပြောခဲ့သည့်စကားကို ရည်ရွယ်ပြီး ညီလင်းကမေးသည်။ စုလှိုင်သည် ချက်ချင်းသဘောပေါက်သွားသည်။ ထို့နောက် ရယ်သည်။

'ဩော် ဒါလား ဟင်း ဟင်း၊ ကောင်းသွားပါပြီရှင်၊ သိပ်ကောင်း နော်ကိုအောင်ရယ်'

ဟင်းလျာစာရင်းကတ်ပြားလေးကို ကြည့်နေသည့် စိုင်းမင်းအောင်၏လက်ကို လှမ်း၍ဆုပ်ကိုင်ရင်း စုလှိုင်က ထောက်ခံမဲတောင်းသည်။ စိုင်းမင်းအောင်က နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြီးပြုံးနေသည်။

'ကဏန်းလက်မကြော်ရယ်၊ ငါးချိုချဉ်ကြော်ရယ်၊ ဝက်သားပဲငါးပိရယ်၊ နောက်ပြီး ဘာမှာဦးမလဲစု၊ ဟင်းချိုကရော ဘာဟင်းချိုကြိုက်သလဲ၊ ငါးခေါင်းဟင်းချိုကောင်းမလား'

'ကိုအောင်ကြိုက်တာ မှာပါကွယ်'

စုလှိုင်က ခပ်နွဲ့နွဲ့ပြောသည်။ ညီလင်းသည် ဖန်ခွက်ထဲမှ လက်ကျန်အရက်များကို တစ်ရှိန်ထိုးမော့ချလိုက်သည်။ 'ကျွန်တော့်ကိုရွဲ့နေတာလား၊ မျက်နှာပြောင်လှချေကလား ဟင်၊ အင်္ကျီအဝတ်အစားထည်လဲဝတ်သလို အတွဲကိုထည်လဲထားတတ်တဲ့ အနီရောင်မလေးရဲ့၊ ကျုပ်ကိုများ မနာလိုဖြစ်မယ်အောက်မေ့နေသလား၊ ဝေးပါသေးရဲ့ဗျာ'ဟု စိတ်ထဲမှနေပြီး အော်ဟစ်နေသည်။

'ဟိုဟာလည်း ကုန်ပြီ ကိုအောင်ရဲ့၊ စု ထပ်လိုချင်သေးတယ်'

'စုက တစ်နေ့ဘယ်လောက်သောက်နေလဲ'

'စစချင်းတော့ တစ်လိပ်၊ နှစ်လိပ်ပါ၊ နေ့တိုင်းလည်း မသုံးပါဘူး'

ညီလင်းညိုသည် နေရာမှထလိုက်သည်။ သူတို့ပြောနေသောစကားများကိုလည်း နားမလည်၊ သူတို့ရှေ့တွင်လည်း ဆက်၍ထိုင်နေလိုစိတ်မရှိတော့ပေ။ သူတို့နှစ်ဦးစလုံးကိုလည်း မုန်းလာသည်။

'ဟင် ညီလင်းညို ပြန်တော့မလို့လား'

'ပြန်မယ်'

'ဘာလဲ စုတို့က နှောင့်ယှက်သလိုဖြစ်နေလို့လား'

'မဖြစ်ပါဘူးဗျာ၊ ကျွန်တော်ကသာ စုတို့ကိုနှောင့်ယှက်သလိုဖြစ်မှာစိုးလို့ပါ'

ညီလင်းသည် မူးသော်လည်း အမူးပါးဖြစ်သည်။ စကားတစ်ချက်မှမမှားခဲ့ပေ။ မျက်နှာလည်း တစ်ချက်မှမပျက်ခဲ့ပေ။ မာနတရားသည် သူ့ရင်ထဲတွင် တောင်လိုမောက်နေသည်။ ထို့ကြောင့် ခေါင်းကိုဟန်ပါပါညွတ်၍ ကပြက်ကချော်လေးပြုံးပြီး နှုတ်ဆက်ကာ လှည့်ထွက်လာခဲ့သည်။

အရက်ကလေး မဖြစ်စလောက်သောက်ထားသည်ဟုသာပြောရမည်ဖြစ်သော်လည်း အူရိုင်းသာသာမို့ ညီလင်းသည် အတော်အသင့်မူးသည်။ သို့သော် အရက်မူးသည်ထက်ပိုမူးသောဝေဒနာကြောင့် လူက ခပ်ယိုင်ယိုင်ဖြစ်နေသည်။

အပြင်ဘက်တွင် မိုးဖွဲဖွဲရွာနေသည်။ ညီလင်းသည် မိုးရွာထဲတွင် ထီးမပါဘဲလျှောက်ရင်း ရီဝေယိမ်းမူးသောအရသာကို ခံစားနေရလေသည်။



'လှပမှုတွေ . . . ပေါင်းဆုံဖွဲ့စည်းလာ . . . မောင့်ပတ်ဝန်းကျင်မှာ ဖြူနီပြာရောင်စုံ . . . ဖူးပွင့်ကြဝေဆာ . . . ခင်စရာပေမယ့်လည်း. . . သူတို့ကို မမက်မောပါ . . .အမြဲတသစွဲလမ်းခဲ့တဲ့ . . . တစ်ပွင့်တည်းသောပန်းသစ္စာ . . .မြတ်နိုး ထိုးစိုက် . . . မောင့်အသည်းဦဆင်မြန်းဖို့ရွယ်လာ. . .'

မရည်ရွယ်ဘဲနှင့် သီချင်းတစ်ပုဒ်ကို တိုးတိုးလေးညည်းနေမိသည်။ မိုးရွာထဲတွင် တစ်ဦးတည်းခပ်ယိုင်ယိုင်လျှောက်ရင်း သီချင်းတိုးတိုးဆိုနေသော ညီလင်းညိုသည် စိတ်မနှံ့သူနှင့်တူနေလေသည်။ အနီးကပ်ပြီး အသေအချာကြည့်လျှင် သူ့ပါးပြင်ပေါ်၌ စိုနေသောမိုးရေများတွင် မျက်ရည်များလည်း ရောနေကြောင်း သိကောင်းသိနိုင်မည်ဖြစ်သည်။

■ ■ ■ ■ ■

'ဟင် ထွန်း မဟုတ်လား'

ခုတင်ပေါ်မှ လူနာကလေးငယ်လေးအားကြည့်ရင်း သက်သက် အံ့သြသွားသည်။ လေးငါးခြောက်လပိုင်းအတွင်းဝယ် ထွန်းသည် မသိမသာလေး ထွားလာသည်။ သို့သော် မမစော၏မျက်လုံးလေးများနှင့်တူလှသော သူ့မျက်လုံးညိုညိုလေးများသည်ကား လုံးဝမပြောင်းလဲပေ။

'မမသက်'

ထွန်းသည် သူ့လက်ကလေးများအား လာ၍ဆုပ်ကိုင်သော သက်သက်ကိုမော်ကြည့်ရင်း တိုးတိုးလေးခေါ်သည်။

'ထွန်း ဘာဖြစ်တာလဲ ဖျားတာပဲလား'

'ခေါင်းမူးတယ်'

သက်သက်သည် ခုတင်ခြေရင်းမှ လူနာမှတ်တမ်းလေးကို ဖတ်ကြည့်လိုက်သည်။ အဖျားကြီးပြီး ဆေးရုံသို့ရောက်လာခြင်းဖြစ်သည်။ ဖျားစက ၁၀၅˚ အထိဖျားခဲ့သည်ဟုရေးထားသည်။ သွေးလွန်တုပ်ကွေးလက္ခဏာမတွေ့ရသဖြင့် တော်သေးသည်ဟု ဆိုရမည်။ ရိုးရိုးအဖျားကြီးခြင်းက သွေးလွန်တုပ်ကွေးလောက်တော့ အန္တရာယ်မကြီးလှပေ။ ထွန်း၏ဘေးတွင် လူနာစောင့်ကိုမတွေ့ရပေ။ အဖေတစ်လှည့်၊ အမေတစ်လှည့် စောင့်ကြပ်ယုယနေသူများကြားဝယ် သူသည် ညှိုးရော်ဖျော့တော့စွာ မျက်လုံးကို စုံမှိတ်ထားလေသည်။ သက်သက် နားလည်လိုက်သည်။ ထွန်းဟူသည့် ငါးနှစ်သားအရွယ်ကလေးငယ်သည် ကာယဝေဒနာထက် စိတ်ဝေဒနာကို ပို၍ခံစားနေရချေပြီ။

'ထွန်းရဲ့နာနီ လိုက်မလာဘူးလားဟင်'

'လာတော့လာတယ် ထွက်သွားတယ်'

သက်သက်သည် ကြေကွဲစိတ်ကလေးနှင့် ပင့်သက်ရှိုက်လိုက်မိသည်။ ဝမ်းနှင့်မလွယ်၊ သားမမယ်ပါချေ။ မိရင်းဖရင်းနှင့်တူသောမေတ္တာကို မည်သည့်ကလေးထိန်းကမျှ ပေးနိုင်လိမ့်မည်မဟုတ်ပါချေ။

'ဖေဖေ မလာဘူးလား'

'လိုက်ပို့တယ်'

ပူနွေးခြောက်သွေ့လျက်ရှိသော နှုတ်ခမ်းလေးသည် ဖြူရော်နေသည်။ သူ့လက်ဖျားလေးများကို ကြင်နာစွာဆုပ်နယ်လျက်ရှိသော သက်သက်ကို မော်ကြည့်နေသော မျက်ဝန်းညိုလေးများတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

'ညက မိုးတွေရွာတယ် မမသက်'

ဟုတ်ပါသည်။ ဒီဇင်ဘာလတွင် မျက်စိလည်ကာရွာသောမိုးမို့ မိုးအေးဆောင်းအေး နှစ်မျိုးထွေးကာ အရိုးခိုက်အောင် ချမ်းလှသည်။

'လျှပ်စီးတွေလက်တော့ သစ်ပင်အောက်မှာ မေမေရပ်နေတယ်၊ ထွန်း မိုးရွာထဲထွက်ရှာတယ် တွေ့လည်း မတွေ့ဘူး မမရယ်'

'အို ထွန်းရယ်၊ ထွန်းစိတ်က ထင်လို့ပါ၊ မေမေမဟုတ်ပါဘူး'

'ဒါပေမဲ့ ထွန်းတွေ့တယ်၊ မေမေ့ကိုပဲတွေ့နေတယ်၊ ထွန်းပြေးသွားရင် မေမေပျောက်သွားရော'

အရွယ်နှင့်မလိုက်သောစိတ်ဝေဒနာကိုခံစားနေရသည့် ထွန်း၏မျက်နှာလေးသည် ညှိုးငယ်ဖျော့တော့လှသည်။ သက်သက်ကို အားကိုးတကြီးကြည့်ကာ ရှိုက်ငင်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## နွေရာသီအခြေခံအားကစားနည်း ဘောလုံးသင်တန်း ဘော်လီဘောသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်လှစ်



မင်းလှ မတ် ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှကြီးမှူး၍ နွေရာသီအခြေခံ အားကစားနည်း ဘောလုံးသင်တန်း၊ ဘော်လီဘောသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းကို မတ်လ ၁၈ ရက်က မြို့နယ်အားကစားကွင်းနှင့် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းတို့၌ ဖွင့်လှစ်သည်။

အဆိုပါနွေရာသီအခြေခံသင်တန်းများကို ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးလာစေရန်၊ မိမိတို့ဝါသနာပါသည့် အားကစားနည်းတစ်ခုခုကို လေ့လာသင်ယူနိုင်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များဖြစ်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နွေရာသီအခြေခံ အားကစားနည်း သုံးမျိုးဖြစ်သည့် ဘောလုံးသင်တန်း၊ ဘော်လီဘောသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းတို့ကို နည်းပြဆရာများဖြင့် မတ်လ ၁၈ ရက်မှစတင်ကာ နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီအထိ ဘောလုံးသင်တန်းတွင် ၄၈ ဦး၊ ဘော်လီဘောသင်တန်းတွင် ၁၃ ဦးနှင့် မြန်မာ့သိုင်းသင်တန်းတွင် ၃၇ ဦးတို့အား မတ်လ ၃၁ ရက်အထိ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

# ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များသို့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

လွိုင်ကော် မတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအစီအစဉ်ဖြင့် ကယားပြည်နယ်အတွင်းရှိထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသည့် အသက် ငါးနှစ်အောက်ကလေးသူငယ်များ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ မိဘများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လွိုင်ကော်မြို့နယ်ရှိ ထိခိုက်လွယ်အုပ်စုဝင်များအတွက် ချီးမြှင့်ငွေများ၊ အသက်ငါးနှစ်အောက်ကလေးငယ် ၄၁၄ ဦးနှင့် မသန်စွမ်းသူ ၁၉၁ ဦးတို့အတွက် ထောက်ပံ့ငွေများနှင့် လွိုင်ကော်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်ကြရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် သက်ကြီးဘိုးဘွား ၁၂၈၀ ဦး၊ ကလေးသူငယ် ၁၆၉၄ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၂၆ ဦးနှင့် မသန်စွမ်းသူ ၁၉၁ ဦး စုစုပေါင်း ၃၃၉၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၁၇၃၀၀၀၀ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးက လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုရှင်းလင်းတင်ပြရာ ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၀ မဂ္ဂါဝပ်) ပထမအဆင့် (၅ မဂ္ဂါဝပ်) ဖွင့်ပွဲကျင်းပ



တောင်ကြီး မတ် ၁၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် Uni Energy Co.,Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့သည့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၀ မဂ္ဂါဝပ်) ပထမအဆင့် (၅ မဂ္ဂါဝပ်) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ဦးဝင်းသော်က စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ရရှိလာသည့် အကျိုးကျေးဇူးများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ စက်မှုဇုန်ဥက္ကဋ္ဌနှင့် Uni Enerey Co.,Ltd. မန်နေးဂျင်းဒါရိုက်တာတို့က နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာတပ်ဆင်ထားမှုနှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးလျှောင်ကြီးလှုပ်ခတ်မှု(၁)နှစ်ပြည့် အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်မှု(၁)နှစ်ပြည့် အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျောင်းပြင်ပမူလတန်းပညာရေး နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ထားဝယ် မတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့်ဆန်းချီမူလတန်းကျောင်းစာစစ်ဌာန၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းနောင်က လိုအပ်သည်များ မှာကြားသည်။

ကျောင်းပြင်ပ မူလတန်းပညာရေး နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးနေမှုကို ထားဝယ်နှင့်မြိတ်မြို့နယ်ရှိ သက်ဆိုင်ရာ စာစစ်ဌာနများ၌ level-1 ဖြေဆိုသူဦးရေ ၁၁၈၂ ဦး ရှိပြီး level-2 ဖြေဆိုသူဦးရေ ၃၀၄ ဦး ရှိကြောင်းသိရသည်။

အဆိုပါစာစစ်ဌာနများ၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (ပထမအဆင့်နှင့် ဒုတိယအဆင့်) နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းကို ၂၀၂၆ ခုနှစ် မတ်လ ၁၉ ရက် နှင့် ၂၀ ရက် တို့တွင် ကျင်းပမည်ဖြစ်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့်တာဝန်သိပြည်သူများကပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Southern Green Power Co.,Ltd. တို့အကြား မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၌ ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူစာချုပ်(Build Own and Operate – BOO) လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Southern Green Power Co.,Ltd. တို့အကြား မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုတွင် Solarနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစီမံကိန်းနှင့်စပ်လျဉ်း၍ တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူစာ ချုပ်(Build Own and Operate – BOO) လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မတ် ၁၉

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

● **ရှေ့ဖုံးမှအဆက်**

ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်မျိုးစုံ ၇၈ လက်နှင့် လက်ပစ်ဗုံး/ဗုံးသီး ၃၈ လုံး၊ စကားပြောစက် ၃ လုံး၊ ကျည်အိမ်မျိုးစုံ ၅၀ ခု၊ ကျည်မျိုးစုံ ၃၃၆၂ တောင့်၊ မိုင်းမျိုးစုံ ၁၄ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ ကျည်ကာဦးထုပ် ၅ လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ RPG တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်းနှုန်း၊ လက်လုပ်သေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ၅ သိန်းနှုန်း၊ လက်ပစ်ဗုံး/ ဗုံးသီးတစ်လုံးစီအတွက် ဆုကြေး ငွေကျပ် ၃ သိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှုန်း၊ ကျည်ကာအင်္ကျီ တစ်ထည်လျှင် ဆုကြေးငွေကျပ် ၂ သိန်းနှုန်း၊ ကျည်ကာဦးထုပ်တစ်လုံးလျှင် ဆုကြေးငွေကျပ် ၂ သိန်းနှုန်းနှင့်အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ခန့်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများကိုလွှဲပြောင်းအပ်နှံစဉ်။

ယနေ့တွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၅ ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား ၃ ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား ၆ ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၈ ဦး၊ အမျိုးသမီး ၂ ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁ ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၂ ဦး၊ တံတားဦးမြို့နယ်မှအမျိုးသား ၁ ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ၄ ဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား ၉ ဦး၊ ရမည်းသင်းမြို့နယ်မှအမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၄ ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၂ ဦး၊ စဉ့်ကူးမြို့နယ်မှအမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၃၁ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၇ ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား ၃ ဦး၊ မြင်းခြံမြို့နယ်မှအမျိုးသား ၈ ဦး၊ အမျိုးသမီး ၂ ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်မှအမျိုးသား ၂ ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား ၃ ဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား ၃ ဦးဖြစ်၍ အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်နိုင်ငံတော်နှင့်ပြည်သူလူထုအတွက်ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–



"အကြမ်းဖက်အဖွဲ့အစည်းထဲကိုဘယ်လိုဖြစ်ပြီး ဝင်ဖြစ်သွားတာလဲဆိုရင်တော့ ကျွန်တော် နေပြည်တော်မှာ အလုပ်လုပ်နေရင်းကနေပြီးတော့မှ သူငယ်ချင်းက ဖုန်းဆက်ပြီး လှမ်းခေါ်တာပေါ့နော်။ လာခဲ့၊ ဒီမှာ လစာတွေကောင်းတယ်၊ အစစအရာရာ အားလုံးအဆင်ပြေအောင်လုပ်ပေးမယ်။ ဘာမှလိုလေသေးမရှိစေရဘူးဆိုပြီး သူခေါ်ရာကနေမှ အကြမ်းဖက်အဖွဲ့အစည်းထဲရောက်သွားတာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့မှ ကျွန်တော် သင်တန်း ၃ လတက်ခဲ့ရပါတယ်။ သင်တန်း ၃ လတက်တဲ့အချိန်အတွင်းမှာဆိုရင်လည်း ဆေးဝါးတွေဆိုရင်လည်း လုံလောက်မှု မပေးဘူးပေါ့နော်။ စားတဲ့ ထမင်းတွေထဲမှာဆိုရင်သူတို့က ခဲယမ်းတွေ၊ ဓာတ်ဆီတွေ အဲဒီလိုမျိုး ထည့်ကျွေးတယ်။ အဲဒီလိုမျိုး ထည့်ကျွေးတဲ့အခါကျတော့ သင်တန်းက ပင်ပန်းတဲ့အချိန်နဲ့ စားတဲ့အခါမှာ အဆင်မပြေတဲ့အခါကျတော့ တချို့တွေဆိုရင် ဖျားကြတယ်။ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်ကြတယ်။ ဒီလိုအခါမျိုးကျလို့ရှိရင် သူတို့က ဆေးခန်းသွားပြရင် နင်တို့က အစားအသောက်မှ မဆင်ခြင်တာ၊ ဒီလိုမျိုးတွေဖြစ်မှာပေါ့ဆိုပြီး ပစ်ထားတယ်။ မကုပေးဘူး။

တချို့တွေကျတော့လည်း ဒဏ်တွေ မခံနိုင်လို့ပြေးကြတယ်။ ပြေးတဲ့သူတွေဆိုရင်လည်း လမ်းမှာတင် ပစ်သတ်တယ်။ တချို့တွေဆို ပြန်ဖမ်းလာမိတဲ့လူတွေဆိုရင်လည်း သူတို့တွေက လူတွေချုပ်ပြီး တော့မှရိုက်ကြတယ်။ တချို့ဆို တင်ပါးတွေကို သွေးတွေထွက်တယ်။ ပါးတွေဆိုလည်း ပါးစပ်ထဲကနေ သွေးတွေထွက်တဲ့အထိ အဲဒီလိုမျိုးရိုက်တယ်။ ကျွန်တော်တို့ သင်တန်းကနေဆင်းပြီးတော့ ပြည်သူ့ဆက်ဆံရေးဌာနမှာ တာဝန်ထမ်းဆောင်ရတယ်။ ပြည်သူ့ဆက်ဆံရေးဌာနမှာဆိုရင် ကျွန်တော်တို့ လမ်းတွေမှာ ဂိတ်တွေစောင့်ခဲ့ရတယ်ပေါ့။ ဂိတ်တွေစောင့်တဲ့အချိန်မှာ ဆိုရင်ဖမ်းဆီးရေးတွေလိုက်ရတယ်၊ ဖမ်းဆီးရေးတွေလိုက်တဲ့အခါမှာ ဆေးမှုတွေ လိုက်ဖမ်းတယ်။ ဆေးမှုတွေ လိုက်ဖမ်းတဲ့ အချိန်မှာဆိုလည်း ဆေးတွေရလာတယ်၊ ဆေးတွေ ရလာတယ်ဆိုရင် သူတို့ဘာသာ သူတို့ ပြန်သုံးတယ်။ ပြီးရင် အပြစ်မရှိတဲ့ ပြည်သူတွေကို ဖမ်းလာတယ်၊ ရိုက်တယ်၊ နှက်တယ်၊ အချုပ်ချထားတယ်၊ ပြီးရင် ပိုက်ဆံတွေတောင်းတယ်။

ရွှေလုပ်ကွက်တွေပေါ့နော်။ ရွှေလုပ်ကွက်ဆိုရင်လည်း စဉ့်ကူးနယ်မြေထဲမှာ ရွှေလုပ်ကွက် ၁၄ ကွက်ရှိတယ်။ ၁၄ ကွက်လုံးကို အကြမ်းဖက်အဖွဲ့အစည်းကနေပြီးတော့မှ လက်ဝါးကြီးအုပ်ထားတယ်။ ၁၄ ကွက်ထဲကို ဘယ်ပြည်သူ့ကိုမှ၊ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ သူတို့က အဝင်မခံဘူး။ ဝင်တဲ့သူတွေဆိုရင်လည်း ရိုက်တယ်၊ နှက်တယ်၊ ပြီးလို့ရှိရင် ဖမ်းတယ်၊ အချုပ်ချထားတယ်။ တချို့တွေဆိုရင် ခေါင်းတွေ ရေနွေးပူနဲ့ လောင်းခံရတယ်၊ အဲဒီလိုမျိုးတွေ တောင်ရှိခဲ့တယ်။ တပ်မတော်က စဉ့်ကူးနယ်ဘက်ကို ပြန်ပြီးတော့ ထိန်းချုပ်တဲ့အခါမှာ ပြည်သူတွေ လုပ်ကိုင်စားသောက်ဖို့ အတွက်ဆိုပြီး ရွှေလုပ်ကွက်ကို ဘယ်နှကွက်၊ ဘယ်နှကွက်ဆိုပြီး ပြန်ချပေးတာမျိုးရှိတယ်။ အကြမ်းဖက်အဖွဲ့အစည်းကျတော့ အဲဒီလိုမျိုးမဟုတ်ဘူးဗျ။ သူတို့က ဒီဟာကို ငါတို့ပဲ အပိုင်သိမ်းမယ်၊ ဘယ်သူမှ လာဝေယူလို့မရဘူး အဲဒီလိုမျိုးတွေပေါ့။

အင်း လုပ်တယ်ပေါ့။ အင်း လုပ်တယ်ဆိုရင်လည်း သူတို့က တစ်လကို ၁၀ သိန်းတောင်းတယ်။ မပေးနိုင်တဲ့သူဆိုရင် ရိုက်တယ်၊ အဲဒီလိုမျိုးတွေ လုပ်တာပေါ့နော်။ ပြီးလို့ရှိရင် ကျွန်တော်အဲဒီမှာမှ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်၊ ဒီရဲဘော်လုပ်တဲ့ကာလအတွင်းမှာ ဆိုရင်လည်း ရဲဘော်အချင်းချင်းဆိုရင်လည်းဗျာ သူတို့တွေက မထီမဲ့မြင်နဲ့ ပြောတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ အထက်ကတာဝန်ခံတွေဆိုရင်လည်း ရဲဘော်မိန်းကလေးတွေဆိုရင် ချောချောလေးတွေဆို သူတို့နားကိုခေါ်ထားတယ်။ ပြီးရင်ရိသဲ့သဲ့စကားတွေပြောတယ်။ ခြေတော်တွေတင်တယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ကြုံတွေ့ခဲ့ရတယ်။ အဲဒီလိုမျိုးတွေရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ်မလုံခြုံဘူးထင်လို့ အဲဒီကနေမှ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို အလင်းဝင်တယ်။

တပ်မတော်ဘက်ကို အလင်းဝင်တဲ့အခါမှာဆိုလည်း သူတို့ကပြောတယ်။ နင်တို့မိန်းကလေးတွေ တပ်မတော်ဘက်အလင်းဝင်လို့ရှိရင် နင်တို့ကို အဓမ္မပြုကျင့်လိမ့်မယ်။ ပြီးလို့ရှိရင် ယောကျ်ားလေးတွေဆိုရင်လည်း စစ်မှုထမ်းထဲကို ဆွဲထည့်မှာ အဲဒီလိုမျိုးတွေပြောတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့ ဝင်ခဲ့တဲ့အချိန်မှာ အဲဒီလိုမျိုး လုံးဝမဟုတ်ပါဘူး။ သူတို့စားသလိုမျိုးလည်းစားရတယ်။ သူတို့နေသလိုမျိုးလည်း နေရတယ်။ အစစအရာရာ အားလုံးအဆင်ပြေအောင် အကုန်လုပ်ပေးပါတယ်။ ဘာမှလိုလေသေးမရှိပါဘူး။ သူတို့ပြောခဲ့တဲ့၊သူတို့ကျွန်တော်တို့ကိုစကားတွေနဲ့ သွေးထိုးခဲ့တဲ့စကားတွေက ကျွန်တော်တို့ အခုလက်တွေ့မှာတော့ လုံးဝတခြားစီပါပဲ။ ကျွန်တော်ပြောချင်တာက တောထဲမှာ ပေါ့နော်၊ ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကို လာပြီးတော့မှအလင်းဝင်ပါ။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့အတွက်ကြောင့်မို့လို့လည်း အခုဆိုရင် ကျွန်တော်ဆိုလည်း ကိုယ့်အိမ်ကိုယ် ပြန်ရတော့မယ်။ ပြီးလို့ရှိရင်လည်း ကိုယ့်မိဘတွေနဲ့ကိုယ် ပြန်ဆုံတွေ့ရတော့မယ်။ တပ်မတော်ဘက်ကို လာပြီးတော့မှအလင်းဝင်ပါ။ တပ်မတော်ကလည်း ကြိုဆိုနေပါတယ်။ ကျွန်တော်ကလည်း နောက်နောင် ဒီလိုအဖွဲ့အစည်းမျိုးကို ဘယ်တော့မှ မပတ်သက်တော့ပါဘူးလို့လည်း ကတိပြုပါတယ်"ဟုပြောသည်။



"ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မ အသက်မှာ ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကို လာပြီးတော့ စည်းရုံးရေးဆင်းတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ တစ်အိမ်တစ်ယောက် မလိုက်မနေရပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေ ဒုက္ခပေးမယ်၊ **စာမျက်နှာ ၇ သို့** ●

● စာမျက်နှာ ၆ မှအဆက်

အဖေအမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲဝင်သွားခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်တော့ ကျွန်မတို့ စစ်သင်တန်း ၃ လ တက်ရတယ်။ စစ်သင်တန်း ၃ လမှာဆိုရင်လည်း ဆေးဝါးလုံလောက်မှုမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့သူတွေက အဲဒီဒဏ်တွေမခံနိုင်လို့ ထွက်ပြေးတဲ့သူတွေရှိတယ်။ ထွက်ပြေးလို့ မိလို့ရှိရင်လည်း သူတို့က သတ်ပစ်တယ်၊ ရိုက်နှက်တယ်၊ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ကျွန်မတို့ ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေးကားလမ်းမကြီးမှာ ဂိတ်စောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။

ဆီပီပါတွေကို ထက်ဝက်ဈေးနဲ့ကောက်ခံလို့ တချို့ပြည်သူတွေမပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင်လည်း ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေဆွဲယူတာတွေရှိတယ်၊ အဲဒါကြောင့် တချို့ပြည်သူတွေဆိုရင်လည်း သံသယအနေနဲ့ ခေါ်တယ်၊ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ လက်သည်းခြေသည်းခွံတွေခွာတယ်၊ ခေါင်းတွေကို ရေနွေးပူတွေလောင်းတယ်၊ သူတို့ပြောတာ ပြည်သူသာအမိ ပြည်သူသာအဖ၊ သူတို့လုပ်နေတာနဲ့ သူတို့ပြောတာနဲ့ လက်တွေ့မှာတခြားစီပဲ။ ရဲဘော်တွေဆိုရင်လည်း တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်၊ မကောင်းတဲ့မိန်းမတွေနဲ့ပျော်ပါးတယ် သောက်စားတယ်၊ K ရှူတယ်၊ ရာမတွေသုံးတယ်။ သူတို့ဆို တစ်ညတစ်ညသွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ သင်တန်းသူကောင်မလေးကို ညကြီးအချိန်မတော်စကားပြောချင်လို့ ဆိုပြီးခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကိုကျတော့လည်း ဘာတာဝန်မှမယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကိုပြန်ပို့တယ်။ ကောင်လေးကိုကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့် ကျွန်မတို့လည်း အဲဒီထဲမှာ နေရတာ ကျွန်မတို့ကိုယ် ကျွန်မတို့ မလုံခြုံဘူးလို့ထင်တယ်။ ကျွန်မတို့လည်း ကျွန်မတို့ဘဝကို ဒီထဲမှာတင် အဆုံးရှုံးမခံနိုင်ဘူး။ အဲဒါကြောင့် ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မတို့ အလင်းဝင်ဖို့ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ တပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးဆိုရင် အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းတွေခေါ်မှာ။ အဲဒါနဲ့ ကျွန်မတို့လည်း ကြောက်တော့ ရှေ့မှာ အလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်းအားလုံး အဆင်ပြေလား။ သူငယ်ချင်း အဆင်ပြေတယ်၊ ဘာမှ စိတ်မပူနဲ့၊ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီကရှိတဲ့တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီး ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီမှာရောက်တော့လည်း အားလုံးနွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ဆိုရင်လည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်။ သူတို့စားသလို စားရတယ်။ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့အရမ်းကို မှန်တယ်ပေါ့။ အဲဒါကြောင့်မို့ ဟိုမှာရှိနေခဲ့တဲ့ သူငယ်ချင်း ညီအစ်ကို မောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ကိုယ်ကိုယ် အနစ်မွန်းမခံပါနဲ့။ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကိုယ့်ကိုယ်ကိုယ် အဲဒီဘဝထဲမှာ အနစ်မွန်းမခံပါနဲ့၊ ကျွန်မတို့လည်း ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန် နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလို အမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်”ဟု ပြောသည်။



“ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော် ရမည်းသင်းမှာ လုပ်ငန်းလုပ်နေတဲ့အချိန် သူငယ်ချင်းက ဖုန်းလှမ်းဆက်ခေါ်ပါတယ်။ ယောက်ဖလာခဲ့၊ ဒီဘက်မှာ အလုပ်လုပ်လို့ အရမ်းကောင်းတယ်။ ပိုက်ဆံလည်း အရမ်းရတယ် ဆိုပြီး သူခေါ်လို့ ကျွန်တော်ရောက်လာပါတယ်။ ရောက်လာတဲ့အချိန်မှာ သူကကျွန်တော့်ကို လူစုဆောင်းရေးပို့လိုက်တယ်၊ လူစုဆောင်းရေးမှာ လူတွေအများကြီးမို့လို့ ဦးလေးတို့၊ ဒေါ်လေးတို့တွေ့တော့ မေးကြည့်တယ်။ ဦးလေးတို့ဒေါ်လေးတို့ဘယ်သွားပြီး အလုပ်လုပ်ကြမှာတုန်းလို့ မေးတော့ကျတော့ အဲဒီဦးလေး၊ ဒေါ်လေးတွေပြောတယ်၊ ဘယ်လုပ်ငန်းလုပ်သွားရမှာတုန်း၊ ငါတို့ကို လက်နက်ကိုင်ပြီးတိုက်ခိုင်းဖို့လို့ပြောတယ်။ အဲဒါကျမှ ကျွန်တော်က ကျွန်တော့်ကို သူက လိမ်ခေါ်မှန်း ကျွန်တော်သိတယ်။ သိတော့ ကျွန်တော်တစ်ခါတည်း ထွက်ပြေးဖို့လုပ်တယ်။ လုပ်တော့ကျတော့ သူတို့က ပြောတယ်၊ မင်းတို့ ထွက်ပြေးရင် မင်းတို့တင်မကဘူး၊ မင်းတို့ မိသားစုပါ သတ်ပစ်မှာလို့ ခြိမ်းခြောက်ထားလို့ ကျွန်တော်က အဲဒါနဲ့ သူတို့ပြောတဲ့အတိုင်းပဲ နေလိုက်တယ်။ နေပြီးတော့ သူတို့ပေးတဲ့ သင်တန်းကိုလည်း ကျွန်တော်တက်လိုက်တယ်။ သင်တန်းတက်တဲ့အခါမှာလည်း ခက်ခက်ခဲခဲ ထမင်းဆိုလည်းနပ်မမှန်ဘူး။ ရောဂါဖြစ်ရင်ကြိုပြော မင်းတို့ရောဂါရှိတဲ့လူ ရှေ့တန်းမပို့ဘူး၊ အသက်မပြည့်တဲ့ကလေးတွေလည်း ရှေ့တန်းမပို့ဘူးလို့ သူတို့က ပြောတယ်၊ ဒါပေမဲ့ သူတို့က သင်တန်းလည်း ဆင်းပြီးရော ကျွန်တော်တို့ကို ပြောတယ်။ ရှေ့တန်းတန်းပို့တယ်။ အသက်မပြည့်တဲ့ ကလေးတွေ ၁၅၊ ၁၆၊ ၁၇ တွေအစ ပါပါတယ်။ ရှေ့တန်းမှာလည်း လက်နက်ခဲယမ်းဆို ပြည့်ပြည့်ဝဝပေးမထားပါဘူး။ လူဆိုလည်း နည်းနည်းလေးပဲ ပေးထားပါတယ်။ ကျွန်တော်လည်း မိဘကိုချစ်တဲ့သူမို့ ကိုယ့်မိဘနဲ့ကိုယ်ပြန်တွေ့ချင်လို့ ရှေ့တန်းကနေ ကျွန်တော်ထွက်ပြေးတယ်။ အိမ်ရောက်တော့ကျတော့ ပြည်သူတွေက၊ မိဘပြည်သူတွေက ကျွန်တော်တို့ကို အနေမခံချင်ဘူး ရွာထဲကို၊ မိဘကိုယ်တိုင်ကိုက အနေမခံဘူး။ ပြန်အနေမခံတော့ သူတို့ အကြမ်းဖက်အဖွဲ့က ကျွန်တော်တို့ကို ပြန်လာဖမ်းတယ်။ လက်ပံလှမှာကျွန်တော်တို့ကို အချုပ်ချထားတယ်။ အချုပ်ချထားပြီးတော့ ကျွန်တော်လက်ပံလှအချုပ်ထဲကနေ ကျွန်တော်အပါအဝင် နှစ်ယောက်ထပ်ထွက်ပြေးတယ်။ ပြေးပြီးတော့ ကျွန်တော်တို့ပထမတစ်သုတ်မှာ အလင်းဝင်သွားတဲ့ သူငယ်ချင်းကို ဆက်သွယ်တယ်။ ကျွန်တော်ကိုယ်တိုင် မဝင်ရဲဘူး။ ဒါပေမဲ့ သူငယ်ချင်းက ပြောတယ်၊ ကောင်းကောင်းမွန်မွန်ဖျောင်းဖျပြောတော့ သူပြောတဲ့စကားကို ကျွန်တော်ယုံလို့ ကျွန်တော်ကိုယ်တိုင် အလင်းလာဝင်တယ်။ တပ်မတော်ကြီးက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ စားနပ်ရိက္ခာဆိုလည်း ပြည့်ပြည့်ဝဝပေးတယ်၊ ဆေးခန်းတွေဘာတွေလည်း အကုန်လိုက်ပို့တယ်။ လိုလေသေးမရှိအောင်လို့ ကျွန်တော်တို့ကို လိုက်ပို့ပေးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း အခုဆိုရင် ကျွန်တော်တို့ အခမ်းအနားပွဲပြီးရင် ကျွန်တော့်အဖေအမေအပါအဝင် ကျွန်တော်တို့ရွာကိုပဲ လွတ်လွတ်လပ်လပ်နေရတော့မယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း တောထဲမှာရှိနေတဲ့ ညီအစ်ကိုမောင်နှမ သူငယ်ချင်း မိတ်ဆွေတွေကို ဒီနေရာကနေ သူတို့ကို အလင်းဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နောက်နောင်အကြမ်းဖက်အဖွဲ့နဲ့ ကျွန်တော်မပတ်သက်တော့ပါဘူးလို့ မိဘပြည်သူထံမှာ ကတိသစ္စာပြုပါတယ်ခင်ဗျာ”ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဓာတုနည်းစဉ်ဖြင့် ဆီကြမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် Mandalay Global Network Distribution Co., Ltd. (MGND) ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖွဲနုဆီထုတ်လုပ်သည့် စက်ရုံတွင် “ဓာတုနည်းစဉ်ဖြင့် ဆီကြမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံ” (MGND Solvent Extraction & Refinery Plant) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါစက်ရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Mandalay Global Network Distribution Co., Ltd. (MGND) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဓာတုနည်းစဉ်ဖြင့် ဆီကြမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် Mandalay Global Network Distribution Co., Ltd. (MGND) မှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် Mandalay Global Network Distribution Co., Ltd. (MGND) မှ တာဝန်ရှိသူတို့က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးတာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဆီကြမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံအတွင်း ထုတ်လုပ်ပုံအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏စားသုံးဆီဖူလုံရေး၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ပေါင်းစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခြေခံစက်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဖွဲနုအပါအဝင် ဆီထွက်သီးနှံများမှ အရည်အသွေးမြင့် စားသုံးဆီများထုတ်လုပ်ခြင်းနှင့်တန်ဖိုးမြင့် ဘေးထွက်ပစ္စည်းများ ဖန်တီးနိုင်ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်စေရန်နှင့် ဒေသတွင်း စီးပွားရေး၊ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် Mandalay Global Network Distribution Co., Ltd. (MGND) မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စပျစ်သီးကပေးသော ကျန်းမာရေးအာနိသင်များ

ဒေါက်တာလပြည့်ခင်

စပျစ်သီးသည် အရောင်အသွေးနှင့် အရသာပြည့်စုံပြီး ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး သစ်သီးများအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ စပျစ်ပင်မှာ နွယ်ပင်ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Grape ဖြစ်ကာ Vitaceae မျိုးရင်းတွင်ပါဝင်၍ ရုက္ခဗေဒအလိုအားဖြင့် Vitis spp ဟုခေါ်သည်။ စပျစ်သီးများသည် အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်၊ ခရမ်းရောင်နှင့် ရောင်စုံပြောက်ကျားများလည်းရှိသည်။ စပျစ်သီးသည် အရသာရှိပြီး အာဟာရပြည့်ဝသည့်အသီးအနှံဖြစ်ကာ နှလုံးကျန်းမာရေးနှင့် အစာခြေစနစ်ကို ကောင်းမွန်စေခြင်းမှ ကင်ဆာရောဂါကို ကာကွယ်နိုင်သည်အထိ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည်။ စပျစ်သီးအသား၊ စပျစ်သီးခြောက်၊ စပျစ်ဖျော်ရည်နှင့် စပျစ်ဝိုင်အဖြစ်စားသုံးကြပြီး စပျစ်သီးအစေ့ကလည်း ဆေးဖက်ဝင်သည်။ စပျစ်သီးအစေ့တွင် ဆီးချိုကြောင့်ဖြစ်သည့် အမြင်အာရုံပြဿနာကို ကာကွယ်ပေးနိုင်သည်။ စပျစ်သီးတွင် ခရမ်းချဉ်သီး၊ သဘော်သီး၊ ငှက်ပျောသီး၊ သရက်သီးတို့ထက် ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidant) ကြွယ်ဝစွာပါဝင်သောကြောင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများသည်။

**စပျစ်သီးစားခြင်းဖြင့်ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

စပျစ်သီးနီတွင် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသည့် Resveratrol ကြွယ်ဝသည်။ စပျစ်သီးနီတွင်ပါဝင်သည့် Antioxidant များက ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို လျှော့ချပေးသည်။ စပျစ်သီးခြောက်/ပျဉ်သည် သဘာဝသကြားဓာတ်၏စုစည်းမှုအရင်းအမြစ်ဖြစ်ပြီး စွမ်းအင်ကို လျင်မြန်စွာမြှင့်တင်ပေးသည်။ စပျစ်သီးသည် သွေးအားနည်းခြင်းကို ကာကွယ်ပေးသည့် အကောင်းဆုံးသံဓာတ်အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ Muscadine စပျစ်သီးတွင် တခြားသောစပျစ်သီးမျိုးကွဲများနှင့် နှိုင်းယှဉ်ပါက Antioxidant ပမာဏမြင့်မားပြီး Ellagic Acid ကြွယ်ဝသည်။ ဤဒြပ်ပေါင်းသည် ကင်ဆာကို တိုက်ဖျက်နိုင်သော ဂုဏ်သတ္တိများရှိကြောင်း ပြသထားသည်။ Concord စပျစ်သီးဖျော်ရည်သည် မှတ်ဉာဏ်ဆိုင်ရာလုပ်ဆောင်မှုနှင့် မှတ်ဉာဏ်ကိုပိုမိုကောင်းမွန်စေသောဆက်စပ်မှုရှိသည်။ Concord စပျစ်သီးသည် သွေးစီးဆင်းမှုကိုကောင်းမွန်စေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**ကင်ဆာကာကွယ်ပေးသော စပျစ်သီး**

အရောင်အသွေးရော အရသာပါပြည့်စုံသည့် စပျစ်သီးတွင် Polyphenols ဟုခေါ်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် နာကျင်ရောင်ရမ်းမှုကို သက်သာစေပြီး ကင်ဆာကိုလည်း ကာကွယ်ပေးနိုင်သည်။ စပျစ်သီးစားသုံးပေးခြင်းဖြင့် ပြန်ရည်ကြောကင်ဆာ၊



အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အရေပြားကင်ဆာနှင့် သွေးကင်ဆာတို့ကိုကာကွယ်နိုင်ပြီး ကင်ဆာရောဂါကြီးထွားစေသည့် မျိုးရိုးဗီဇတချို့နှင့် ကင်ဆာကျိတ်များကြီးထွားမှုကိုလည်း ဟန့်တားပေးနိုင်စွမ်းရှိသည်။ စပျစ်သီးက အူမကြီးကျန်းမာရေးအတွက်လည်း အလွန်အရေးပါသည်။

**နှလုံးကျန်းမာစေနိုင်သော စပျစ်သီး**

စပျစ်သီးတွင် ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးတွင်းကိုလက်စထရောကို ကျစေနိုင်ပြီး သွေးကြောများ၏လုပ်ဆောင်ချက်ကို ကောင်းမွန်စေကာ သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်သည့်အပြင် သွေးတိုးကြောင့် နှလုံးထိခိုက်ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးပြီး နှလုံးခုန်နှုန်းကိုလည်း မှန်စေနိုင်သည်။ သွေးကြောများ၏လုပ်ဆောင်မှုကိုကောင်းမွန်စေကာ သွေးဖိအားကိုလျှော့ချပေးခြင်းဖြင့် နှလုံးသွေးကြောစနစ်ကို ကျန်းမာစေနိုင်ပြီး နှလုံးကျန်းမာအောင်ထောက်ကူပေးသည်။ ထို့ပြင် စပျစ်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် Polyphenol ဓာတ်သည် သွေးစီးဆင်းမှုနှင့် နှလုံး၏လုပ်ဆောင်မှုများကို ကောင်းမွန်စေရန် အထောက်အကူပြုခြင်းအားဖြင့် နှလုံးကျန်းမာစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေသည်။

**လေဖြတ်နိုင်ခြေနှင့်အရိုးပါးခြင်းကို ကာကွယ်ပေးသော စပျစ်သီး**

စပျစ်သီးတွင် ကြွယ်ဝစွာပါဝင်သည့် ပိုတက်ဆီယမ်သတ္တုဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးခြင်းဖြင့် သွေးဖိအားကို ထိန်းညှိပေးသောကြောင့် စပျစ်သီးကို စားသုံးပေးခြင်းဖြင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ပြီး အရိုးပါးခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။

**ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသော စပျစ်သီး**

စပျစ်သီးဖျော်ရည်တွင် ဗီတာမင်-C မြင့်မားစွာပါဝင်မှုကြောင့် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်သည်။

**သွေးတွင်းသကြားဓာတ် ထိန်းညှိပေးသော စပျစ်သီး**

စပျစ်သီးသည် အချိုဓာတ်ရှိသော်လည်း သွေးတွင်းသကြားဓာတ်မတက်စေဘဲ အင်ဆူလင်ပမာဏတက်လာစေသောကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် စပျစ်သီးအနည်းအကျဉ်းစားပေးနိုင်သည်။

"စပျစ်သီးတွင် ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးတွင်းကိုလက်စထရောကိုကျစေနိုင်ပြီး သွေးကြောများ၏လုပ်ဆောင်ချက်ကို ကောင်းမွန်စေကာ သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်သည့်အပြင် သွေးတိုးကြောင့် နှလုံးထိခိုက်ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးပြီး နှလုံးခုန်နှုန်းကိုလည်းမှန်စေနိုင်သည်။ သွေးကြောများ၏လုပ်ဆောင်မှုကိုကောင်းမွန်စေကာ သွေးဖိအားကိုလျှော့ချပေးခြင်းဖြင့် နှလုံးသွေးကြောစနစ်ကို ကျန်းမာစေနိုင်ပြီး နှလုံးကျန်းမာအောင် ထောက်ကူပေးသည် . . ."

**သွေးတိုးကျစေသော စပျစ်သီး**

အစေ့မပါသော စပျစ်သီးအစိမ်းဖျော်ရည်တစ်ခွက်တွင် ပိုတက်ဆီယမ် ၁၇၅ ဂရမ်၊ စပျစ်သီးအနီတွင် ၂၈၀ မီလီဂရမ်နှင့် စပျစ်သီးအနက်တွင် ၂၀၀ မီလီဂရမ်ရှိသောကြောင့် သွေးတိုးရှိသူများအနေဖြင့် စပျစ်သီးစားသင့်သည်။

**ရေဓာတ်ထိန်းညှိပေးသော စပျစ်သီး**

စပျစ်သီးဖျော်ရည်သည် အထူးသဖြင့် ပူပြင်းသောရာသီဥတုတွင် သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ချိန်တွင် ရေဓာတ်ထိန်းသိမ်းရန် ကူညီပေးနိုင်သည်။

**ဝမ်းချုပ်ခြင်းကိုသက်သာစေနိုင်သော စပျစ်သီး**

စပျစ်သီးတွင် ရေဓာတ်နှင့်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်မှုကြောင့် ဝမ်းမှန်စေပြီး အစာခြေစနစ်ကို အကောင်းဆုံးထောက်ကူပေးနိုင်၍ ဝမ်းချုပ်တတ်သူများ စားပေးသင့်သည်။

**ဓာတ်မတည့်မှုကိုသက်သာစေနိုင်သော စပျစ်သီး**

စပျစ်သီးတွင် ရောင်ရမ်းမှုကိုလျော့ပါးစေနိုင်သည့် အာနိသင်ရှိခြင်းကြောင့် အရေပြားတွင်ဖြစ်တတ်သည့် ဓာတ်မတည့်မှုများကို သက်သာစေနိုင်သကဲ့သို့ ဓာတ်မတည့်မှုကြောင့်ဖြစ်သည့် နှာစေးခြင်းနှင့် မျက်ရည်ကျခြင်းတို့ကို သက်သာစေနိုင်သည်။

**ဆီးချိုသမားများနှင့် သင့်လျော်သော စပျစ်သီး**

စပျစ်သီးစားသုံးပေးခြင်းဖြင့် အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သောကြောင့် ဆီးချိုကာကွယ်ရန်ဖြစ်စေ၊ ဆီးချိုသက်သာစေရန်ဖြစ်စေ စပျစ်သီးကို စားပေးသင့်သည်။

**အဆိပ်အတောက်များကို ဖယ်ရှားပေးသော စပျစ်သီး**

စပျစ်သီးတွင် ရေဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှု မြင့်မားသောကြောင့် အသည်း၏လုပ်ဆောင်ချက်ကို ထောက်ပံ့ပေးပြီး အဆိပ်အတောက်များကို ဖယ်ရှားပေးသည့်အပြင် သဘာဝ Detox အစားအစာများအတွက် ကောင်းမွန်သောအစာများကိုရရှိစေသည်။ ထို့ကြောင့် စပျစ်သီးက ခန္ဓာကိုယ်ကို Detoxify လုပ်ပေးနိုင်ကြောင်း သိရသည်။

**ကိုယ်အလေးချိန်ကျစေသော စပျစ်သီး**

စပျစ်သီးတွင် ကယ်လိုရီအနည်းငယ်ပါဝင်သော်လည်း ဗိုက်ပြည့်စေပြီး ကိုယ်အလေးချိန်ကို ထိန်းပေးထားနိုင်သဖြင့် ကိုယ်အလေးချိန်ကျလိုပါက ကယ်လိုရီပါဝင်မှုနည်းသည့်စပျစ်သီးကဲ့သို့ အစားအစာများ စားပေးသင့်သည်။

**အမြင်အာရုံကျန်းမာစေနိုင်သော စပျစ်သီး**

စပျစ်သီးတွင် ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidant) ကြွယ်ဝခြင်းကြောင့် အမြင်လွှာနှင့် မျက်ကြည်လွှာများအပါအဝင် မျက်လုံးကိုကျန်းမာစေနိုင်သည့်အပြင် အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်အာရုံပြဿနာများကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ စပျစ်သီးတွင် မြင်လွှာတည်ဆောက်ပုံနှင့် လုပ်ငန်းများကို ကာကွယ်ပေးနိုင်သည့် ဓာတ်များပါဝင်သောကြောင့် စပျစ်သီးပုံမှန်စားပေးခြင်းအားဖြင့် မြင်လွှာပျက်စီးခြင်းမှကာကွယ်ပေးပြီး မျက်လုံးကျန်းမာရေးအတွက် အရေးပါသည်။

**အသားအရေကောင်းမွန်စေသော စပျစ်သီး**

စပျစ်သီးတွင်ပါဝင်သော Resveratrol နှင့် ဗီတာမင်-C သည် ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးပြီး အရေပြားကို ခရမ်းလွန်ရောင်ခြည်(UV)ကြောင့်ပျက်စီးခြင်းနှင့် အရွယ်မတိုင်မီ အိုမင်းခြင်းမှ ကာကွယ်ပေးသည်။ စပျစ်သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် အသားအရေကိုကောင်းမွန်စေပြီး ဝက်ခြံရောင်ရမ်းမှုကို လျော့ကျစေနိုင်သည်။ စပျစ်သီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်အာနိသင်က ဝက်ခြံများကို ကုသပေးနိုင်စွမ်းရှိသောကြောင့် ဝက်ခြံရှိသူများအနေဖြင့် ဝက်ခြံသက်သာလိုပါက စပျစ်သီးစားပေးနိုင်သည်။

**ကိုယ်ဝန်ဆောင်များအတွက် စပျစ်သီး**

စပျစ်သီးသည် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၏အစားအသောက်တွင် ကောင်းမွန်သောဖြည့်စွက်စာတစ်ခုဖြစ်နိုင်သည်။ စပျစ်သီးတွင်ပါဝင်သည့် သန္ဓေသားဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သောဖောလစ်အက်စစ်သည် ကလေးငယ်များတွင် အာရုံကြောပြွန်ချို့ယွင်းမှုကို ကာကွယ်ပေးသည်။ စပျစ်သီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ပေးနိုင်သည်။ စပျစ်သီးတွင်ပါဝင်သည့် သဘာဝသကြားဓာတ်က ကိုယ်ဝန်ဆောင်စဉ်တွင် အထောက်အကူဖြစ်စေနိုင်သည့်စွမ်းအင်ကို မြန်ဆန်စေသည်။

**သတိထားသင့်သော စပျစ်သီး**

လူတိုင်းနှင့်တည့်သော စပျစ်သီးကို အလွန်အကျွံမစားမိရန်လိုသည်။ စပျစ်သီးကိုစားသုံးခြင်းမပြုမီ ပိုးသတ်ဆေး သို့မဟုတ် ညစ်ညမ်းစေသောအညစ်အကြေးများနှင့် ရောဂါပိုးမွှားအန္တရာယ်မဖြစ်အောင် သေချာစွာဆေးကြောရန်လိုအပ်သည်။

**စပျစ်သီးဖျော်ရည်၏အကျိုးကျေးဇူးများ**

စပျစ်သီးဖျော်ရည်သည် သွေးကြောများ၏လုပ်ဆောင်ချက်ကို ကောင်းမွန်စေပြီး သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်ကာ နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ဗီတာမင်-C မြင့်မားစွာပါဝင်မှုကြောင့် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးနိုင်ခြင်း၊ ပူပြင်းသောရာသီဥတုတွင် သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ချိန်တွင် ရေဓာတ်ထိန်းသိမ်းရန် ကူညီပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ပေးစွမ်းနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် အရောင်အသွေးနှင့် အရသာပါပြည့်စုံသည့် စပျစ်သီးသည် ကင်ဆာကာကွယ်ပေးခြင်း၊ နှလုံးကျန်းမာစေနိုင်ခြင်း၊ သွေးပေါင်ကျစေနိုင်ခြင်း၊ ဝမ်းချုပ်မှုကိုသက်သာစေနိုင်ခြင်း၊ ဓာတ်မတည့်မှုကို သက်သာစေနိုင်ခြင်း၊ ဆီးချိုသမားများနှင့်သင့်လျော်ခြင်း၊ မျက်လုံးကျန်းမာစေနိုင်ခြင်း၊ ဝက်ခြံသက်သာစေနိုင်ခြင်းနှင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာပြုနိုင်သောကြောင့် စပျစ်သီးကို လူတိုင်းသင့်တင့်မျှတစွာ စားသုံးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

# စာဖတ်ရှိန် မြှင့်တင်ရေး အသိပညာပေး ပြိုင်ပွဲများကျင်းပ

ကျေးသီး မတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျောင်းသား၊ ကျောင်းသူများနွေရာသီကျောင်းပိတ်ရက်ကာလအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးပြိုင်ပွဲများကို မတ်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာအုပ်၊ စာပေတို့ကိုလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာတို့ကို ပြောကြားသည်။

ထို့နောက် ကဗျာရွတ်ပြိုင်ပွဲနှင့် စွမ်းရည်ပြိုင်ပွဲတို့ကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများကဆုများ ပေးအပ်ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပင်းတယမြို့နယ်ရှိ လက်ဖက်ပင်စိုက်ခင်းများမှ ရွှေဖီမိုးလွှတ် လက်ဖက်ရွက်နုများစတင်ခူးဆွတ်

ပင်းတယ မတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများ၌ အနံ့အရသာအကောင်းဆုံး လက်ဖက်အမျိုးအစားဖြစ်သော ရွှေဖီမိုးလွှတ်လက်ဖက်ရွက်နုများကို ယခုအချိန်တွင် စတင်ခူးဆွတ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဖီမိုးလွှတ်လက်ဖက်ရွက်နုများကို နှစ်စဉ်ဧပြီလထဲတွင် ခူးဆွတ်ကြပြီးလျှင် ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ လာရောက်လည်ပတ်ဖူးမြော်ကြသည့် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များထံ ရောင်းချကြကြောင်း၊ မြို့နယ်အတွင်းရှိဈေးများနှင့် မြန်မာနိုင်ငံရှိမြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြသည်။

ရွှေဖီမိုးလွှတ်လက်ဖက်ရွက်နုများမှာ အရသာအထူးကောင်းမွန်၍ တစ်နှစ်ပတ်လုံးထွက်ရှိသည့် လက်ဖက်ရွက်နုများထဲတွင် အကောင်းဆုံးအမျိုးအစားဖြစ်ကြောင်းနှင့် လက်ဖက်ခြံများမှ ရွှေဖီမိုးလွှတ်လက်ဖက်ရွက်နုစိမ်းများကို ခူးဆွတ်ရရှိပြီးနောက် ရွက်စိမ်းများအား ရွှေဖီမိုးလွှတ်လက်ဖက်ခြောက်အဖြစ်နေလှန်း၍ ရွက်ကြမ်း၊ ရွက်နု၊ ရွက်ညွှန့်ခြောက်များ ခွဲခြား၍ ပို့ဆောင်ရောင်းချကြကြောင်း သိရသည်။

ထို့ပြင် လက်ဖက်စိုက်ခင်းများကို တောင်ပေါ်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာများ၊ သရက်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ထွက်နီကျေးရွာအုပ်စုရှိကျေးရွာများ၊ ပန်းစစ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ကူးကော်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ရေဖြူကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် ညောင်ကောက်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် အများအပြားစိုက်ပျိုးကြပြီး အခြားရပ်ကွက်နှင့် ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း လက်ဖက်စိုက်ပျိုးသော တောင်သူများထံမှ သိရသည်။

(၄၀၅)

# ပွင့်ဖြူမြို့နယ်၌ ထောပတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ မတ် ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ဧက ၉၅၈၀ စိုက်ပျိုးနိုင်ခဲ့ကာ စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း သိရသည်။

ထို့ပြင် ပွင့်ဖြူမြို့နယ်၌ ထောပတ်ပဲစိုက်ပျိုးတောင်သူများကို ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ သီးနှံဖျက်ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပြောကြားခဲ့သည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## တိမ်ပင်လယ်က ညွှန်းသက်သေ

☆ “တပ်ကြပ်ငရဲ၊ သွေးမနည်းဘူး
ကဲ… နားထောင်
ဒါစစ်တိုက်နေတာ
ဖက်ထိပ်လုပ်နေတာမဟုတ်ဘူး”။

☆ “တောင်ခမ်းဟာ ငါတို့ရဲ့ အချက်အချာ
ငါတို့ သတ္တိရှိရှိ ခံချမယ်။
လုံးဝ နောက်မဆုတ်ဘူး။
လုံးဝ နောက်မတွန့်ဘူး”။

☆ ရဲဝံ့တဲ့စစ်သား၊ သူ့စကားကြောင့်
နှလုံးသားပုံရိပ်၊ ရှေးအတိတ်ကို
စိတ်ထဲမှာပြန်မြင်၊စစ်မြေပြင်အတူနွှဲခဲ့တဲ့
ငှါရဲဘော်တွေ အခုများ၊ ပြန်တွေ့ရသလားကွယ်
အချစ်တရားမြဲတဲ့၊ စစ်သားအသည်းမို့
ဖျန်းခနဲ ဖျင်းခနဲ၊ ကြက်သီးလည်းထမိတယ်။
မျက်ရည်လည်း ဝဲမိတယ်။

☆ စစ်သားစကား၊ စစ်သားနားမှာ
မခါးပါ ချိုစမြဲ၊ သေရဲ တိုက်ရဲ
စွန့်လွှတ်ရဲ ပေးဆပ်ရဲတဲ့
ငရဲတို့ အသည်းနှလုံး၊ ငရဲကုန်းမှာ ကမ္ပည်းတင်
ခရီးနှင် ဖြတ်သန်း
တိမ်ပင်လယ် ခရီးကြမ်းမှာ
အောင်ပန်းတွေ ဝေခဲ့ပြီ။

☆ ကြွေချင်ကြွေ၊ ဝေချင်ဝေ
အမိမြေမှာ ပွင့်တဲ့ပန်း
မနွမ်းခင် ဝေ၊ မကြွေခင် လှ
ကြွေရင်လည်း အလှမပျက်တဲ့
မြန်မာ့အတွက် မြန်မာ့ပန်း
စစ်စခန်းက အောင်ပန်းဆင်တဲ့
အောင်စစ်သည်တွေ
ထာဝရ အောင်မြင်ကြပါစေ။
တိမ်ပင်လယ်က ညွှန်းသက်သေ။ ။

မြင်းမူမောင်နိုင်မိုး

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

# ပွင့်ဖြူမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်



ပွင့်ဖြူ မတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ်လ ၁၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းချီရေးဆွဲနည်းသင်တန်းကိုပို့ချရာ နည်းပြဆရာများက ပန်းချီရေးဆွဲရာတွင် မဖြစ်မနေသိထားရမည့် အခြေခံပန်းချီရေးဆွဲပုံ၊ ရေးဆွဲနည်းစနစ်များနှင့် လိုက်နာရမည့်အချက်များကို စာတွေ့လက်တွေ့ပို့ချပေးကြသည်။

အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကို မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကျုံပျော်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကျုံပျော် မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မြတ်မော်၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ် ကုန်စိမ်းဈေးကွက်၌ မတ်လဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅၀၀၀ မှ ၆၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

" ကျုံပျော်မြို့နယ်ကနေထွက်ရှိတဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံးရေ ၆၀၀၀၀ လောက်အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးလည်းကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်မှုလည်းရှိတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတွေ ပိုမိုအဆင်ပြေလာကြပါတယ်"ဟု ဒေါ်မြတ်မော်ကပြောသည်။

ကျုံပျော်မြို့နယ်၌ လက်ရှိတွင် ခဝဲသီးအပါအဝင် ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# တိုက်ကြီးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားနိုင်သောစဉ်းစားတွေးခေါ်မှုရှိသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ်လ ၁၉ ရက်တွင် ရာပြည့်အောင်ကိုယ်ပိုင်ဘာသာရပ်သင်ကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်တစ်ဦးချင်းစီတွင် ရှိသင့်သည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာ့ပညာရေးနှင့် လူ့အဖွဲ့အစည်းတွင် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ဘဝအောင်မြင်ရေးအတွက် ဗလငါးတန်နှင့်မျှတအောင် တည်ဆောက်ရန်လိုကြောင်း ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် အရွယ်မရောက်သေးသူကလေးငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# အိမ်မဲမြို့နယ်၌ နွေရာသီအားကစားအခြေခံသင်တန်းများ ဆင်းပွဲ ကျင်းပ

အိမ်မဲ မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အားကစားခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအားကစားအခြေခံသင်တန်းများဆင်းပွဲကို မတ်လ ၁၉ ရက်တွင် ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

နွေရာသီအားကစားအခြေခံသင်တန်းများကို ဖေဖော်ဝါရီလ ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၄၀ ဦး တက်ရောက်ကြကာ သင်တန်းတွင် ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘောလုံး၊ ဘော်လီဘော၊ Fitness Dance တို့ကို သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါနွေရာသီအားကစားသင်တန်းများကို ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများပေါ်ထွက်လာစေရန်၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားအတတ်ပညာများနှင့် အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

# ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၂၀၀ ကျော်နုတ်သိမ်းပြီးစီး

ငဖဲ မတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၂၀၀ ကျော် နုတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၆၀ ဒသမ ၉၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ငဖဲမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက တွန်တာနီမြေပဲမျိုး၊ မကွေး-၁၆ နဲ့ ဗီယက်နမ်မျိုး စုစုပေါင်း ၂၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ခင်းတွေကို တောင်သူတွေက နွေသီးနှံတွေပြန်လည်စိုက်ပျိုးနိုင်ဖို့ ဇန်နဝါရီလက စတင်နုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ၆၀ ဒသမ ၉၂ တင်းလောက်ထွက်ရှိပါတယ်။ ဒေသခံတောင်သူတွေ မြေပဲနုတ်သိမ်းရာမှာ အထွက်နှုန်းလျော့နည်းမှုနဲ့ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အချိန်မီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီးမြေပဲတွေ စနစ်တကျထားသိုသိမ်းဆည်းကြဖို့ အသိပညာပေးဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းကပြောသည်။

မြေပဲစိုက်တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ငဖဲမြို့နယ်အပြင် တခြားဒေသများ၌လည်း ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ဆီဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



# စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိ သိမ်တော်ကြီးနှင့်ပင်မကျောင်းဆောင်ပြုပြင်ပြီးစီး

စစ်တွေ မတ် ၁၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင် ပြုပြင်ပြီးစီးနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်၌ သကျမုနိသိမ်တော်ကြီးရှိ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး သကျမုနိသိမ်တော်ကြီးပြုပြင်ပြီးစီးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဦးရဲကျော်သူကျောင်းတိုက်ဆရာတော်အားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်နှင့် သိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုသည်။

ယင်းနောက် ဦးရဲကျော်သူကျောင်းတိုက်ရှိ ရှင်းလင်းဆောင်၌ စစ်တွေတပ်နယ်မှ ဆောက်လုပ်ရေးတာဝန်ခံက သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်အား ရှေးမူမပျက်ပြုပြင်ပြီးစီးနေမှုများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြောင်းသိရသည်။

တင်ထွန်း (ပြန်/ဆက်)

# (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကူးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ မတ် ၁၉



(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံမြို့နယ် ကော့ကူးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ကော့ကူးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၁ ဒသမ ၈၅၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် နေစင်မင်းကုမ္ပဏီနှင့် တော်ဝင်ဖားစည်ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်သော အကျယ် ၁၂ ပေ၊ အရှည် ၇ ဖာလုံ၊ ထု ၆ လက်မရှိ ကော့ကူးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်နှင့် Pipe Culvert လေးစင်းတို့ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အဆိုပါကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကော့ကူးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင်ရောက်ရှိမည့် (၈၁)နှစ်မြောက် **"တပ်မတော်နေ့"**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၀-၃-၂၀၂၆)ရက် (သောကြာနေ့)ညတွင် တပ်မတော်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့်စုပေါင်း၍ **"ပြည်ချစ်သားမွန် တေးသဝဏ်"** ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၂၀-၃-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သမိုင်းရှင်နှစ်ပြည်ချစ် တပ်မတော် | ပြင်ပအဆိုရှင် |
| ၂။ | ရဲဝံ့တဲ့တပ်မတော် | ပြင်ပအဆိုရှင် |
| ၃။ | ပြည်သူချစ်သောမေ့ချစ်သူ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်ယူပါတယ် | တူယှဉ်နွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ထား | ပြင်ပအဆိုရှင် |
| ၆။ | ငါတို့သည် | တူယှဉ်နွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | နှလုံးသားထဲကကိုစစ်သား | ပြင်ပအဆိုရှင် |
| ၈။ | ရွှေခေတ်ဆီသို့ | ပြင်ပအဆိုရှင် |
| ၉။ | ကျွန်မရဲ့သူ | ပြင်ပအဆိုရှင် |
| ၁၀။ | ပြည်ထောင်စုရဲ့နိုင်ငံတော် | ပြင်ပအဆိုရှင် |
| ၁၁။ | မြန်မာပြည်ကြီးကိုစောင့်ရှောက်ကာကွယ်မည် | ဌာနအဆိုရှင် |
| ၁၂။ | မော်ကွန်းစစ်သည် | တူယှဉ်နွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |

# 33th SEA Game နှင့် 13th ASEAN Para Games ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ခဲ့သည့် မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် အုပ်ချုပ်သူ၊ နည်းပြနှင့်ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

မကွေး မတ် ၁၉



33th SEA Game နှင့် 13th ASEAN Para Games တွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့သည့် မကွေးတိုင်းဒေသကြီး ဂုဏ်ဆောင် အုပ်ချုပ်သူ၊ နည်းပြနှင့်ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက တိုင်းဒေသကြီးဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၈၀ ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက Physical Fitness Dance နှင့် ဝူရှူးအားကစားနည်းများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြပြီး ဆုရကစားသမားများကိုယ်စား ကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အရှေ့တောင်အာရှ 33th SEA Game နှင့် 13th ASEAN Para Games ပြိုင်ပွဲများတွင် မကွေးတိုင်းဒေသကြီးအနေဖြင့် ရိုးရာခြင်းကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ဘော်လီဘောကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကနူး(လှေလှော်)ကစားနည်းမှ ငွေတံဆိပ်သုံးခု၊ စနူကာကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ပိုက်ကျော်ခြင်းကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ အပြည်ပြည်ဆိုင်ရာလှေလှော်ကစားနည်းမှ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု၊ ပြေးခုန်ပစ်ကစားနည်းမှ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု၊ စစ်တုရင်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်းရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ခုနစ်ခုရရှိခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းကြောင်းပေါ်ရှိ (ဗလမင်းထင်-နန့်မြစ်ခ) လမ်းပိုင်းအား ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းကြောင်းပေါ်ရှိ (ဗလမင်းထင်-နန့်မြစ်ခ)လမ်းပိုင်းအား ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်းပိုင်းနေရာ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ဗလမင်းထင်- နန့်မြစ်ခလမ်းပိုင်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်



**မိတ္ထီလာ မတ် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ယနေ့ညနေပိုင်းတွင် အဆိုပါရုံးဝင်းအတွင်း ဆောင်ရွက်ကြသည်။

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အပြင် ပေါ့ဆမီးများကြောင့် မိတ္ထီလာခရိုင်အတွင်း မီးလောင်မှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် သိုလှောင်ထားရှိသည့် စက်ယန္တရားများ၊ အုပ်ချုပ်မှုမော်တော်ယာဉ်များ၊ ရုံးပိုင်အဆောက်အအုံများနှင့် အရေးကြီးစာရွက်စာတမ်းများ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဖြိုးပြည့်အောင်နှင့် သန္နှေမီးသတ်တပ်ဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင် ဦးဆောင်သည့် ဝန်ထမ်းများ ၊ မိသားစုဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့

၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

"သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"

"Observing Today, Protecting Tomorrow"

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၉**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းကျေးရွာရှိ ဓမ္မာရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၉-၃-၂၀၂၆ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဆယ်နှစ်မှသည် အနာဂတ်ဆီ တူညီရွှေ့လှမ်း မဲခေါင်-လန်ချန်း

ရဲအုပ်ဇာနည်ထွန်း

တိုင်းနိုင်ငံများပထဝီအနေအထားအရ တည်ရှိမှုသည် ထိုတိုင်းပြည်၏ကံကြမ္မာကို ဆုံးဖြတ်ပေးသည်ဟု ဆိုရိုးစကားရှိသည်။ အာရှတိုက်၏ အရှေ့တောင်ဘက်ဆီသို့ အရှိန်အဟုန်ဖြင့်စီးဆင်းနေသော မဲခေါင်မြစ်ကြီးသည် ထိုကံကြမ္မာ၏ သက်သေပင်ဖြစ်ပေသည်။ တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံလာသော ထိုမြစ်မကြီးအား တရုတ်တို့က "လန်ချန်း"ဟု အမည်ပေးကာ အားကိုးအားထားပြုခဲ့ကြသည်။ အရှေ့တောင်အာရှ မြေပြန့်လွင်ပြင်များဖြစ်ကြသော မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယမ်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းချိန်မှာတော့ သူ့ကို "မဲခေါင်သို့မဟုတ် မယ်ခေါင်" ဟု အမည်နာမတစ်ခုပေးလိုက်ကြသည်။ အရှည် ၄၈၀၀ ကီလိုမီတာရှိတဲ့ မဲခေါင်မြစ်ဟာ သူဖြတ်သန်းစီးဆင်းရာ ကမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ဒေသတွင်းနိုင်ငံများ၏ အသက်သွေးကြောဖြစ်လာခဲ့ရသည်။ ဤမြစ်မင်းသည် မြစ်လက်တက်ခွဲပေါင်းများစွာ ခြံရံကာဖြင့် နိုင်ငံနယ်နိမိတ်များကို ကျော်ဖြတ်ကာ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ကို ရာစုနှစ်ပေါင်းများစွာ ရှင်သန်စေခဲ့သည်။

သို့သော် ခေတ်သစ်ကမ္ဘာ၏ စိန်ခေါ်မှုများဖြစ်သော စီးပွားရေးကွာဟမှု၊ အရင်းအမြစ်ခွဲဝေမှုနှင့် နည်းပညာလိုအပ်ချက်များကို တစ်နိုင်ငံချင်းစီရင်ဆိုင်ရန်မှာ မလွယ်ကူလှပေ။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ၂၀၁၆ ခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (MLC) ဟူသော သမိုင်းဝင်ယန္တရားကြီးတစ်ခုပေါ်ပေါက်လာခဲ့သည်။ ဤပေါ်ပေါက်မှုသည် သာမန်သံတမန်ရေးရာ ဆုံရပ်တစ်ခုမျှသာမဟုတ်ဘဲ "မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူများ" ဟူသော နွေးထွေးသည့်စိတ်ဓာတ်ဖြင့် အနာဂတ်ကို အတူတကွပုံဖော်ရန် ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်သည်။

ထိုပူးပေါင်းဆောင်ရွက်မှုသည် ဆယ်နှစ်ပြည့်ခဲ့လေပြီ။ ပူးပေါင်းဆောင်ရွက်မှု ဆယ်နှစ်အတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ မယုံနိုင်စရာ စံနမူနာသစ်တစ်ခုဖြစ်လာခဲ့သည်။ "တူညီသော မြစ်ရေ တူညီသောကံကြမ္မာ" ဟူသောဆောင်ပုဒ်သည် စာသားတစ်ခုအဖြစ်မှ လက်တွေ့ကျသော အေးအတူပူအမျှ လူမှုအသိုက်အဝန်းတစ်ခုသို့ ကူးပြောင်းနိုင်ခဲ့သည်။ မြစ်ဖျားခံရာဒေသမှ မြစ်ဝကျွန်းပေါ်ဒေသအထိ တည်ရှိနေကြသော အဖွဲ့ဝင်ခြောက်နိုင်ငံလုံးသည် ကိုယ်ကျိုးစီးပွားထက်ဒေသတွင်းတည်ငြိမ်သာယာရေးကို ရှေ့တန်းတင်ကာ ရွှေရောင်ဆယ်စုနှစ်တစ်ခုဆီသို့ အတူတကွ ချီတက်လျက်ရှိနေပြီဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်တာကာလကို ပြန်လည်ကြည့်ရှုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (MLC)သည် အရှိန်အဟုန်နှင့်လက်တွေ့ကျခြင်းဟူသော ဝိသေသနှစ်ခုဖြင့် ဒေသတွင်းကို ပြောင်းလဲစေခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ MLC သည် အခြားသောဒေသတွင်းအဖွဲ့အစည်းများနှင့်မတူဘဲ စီမံကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသောကြောင့်စာရွက်ပေါ်တွင်သာရှိသော သဘောတူညီချက်များမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ်ပွင့်လင်းသော အသီးအပွင့်များကို ခံစားရခြင်းဖြစ်သည်။

ပထမဦးစွာ စီးပွားရေးနှင့်ကုန်သွယ်မှုကဏ္ဍတွင် MLC သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပမာဏကို နှစ်စဉ် ဒေါ်လာဘီလီယံပေါင်းများစွာအထိ တိုးတက်စေခဲ့သည်။ အထူးရန်ပုံငွေကို အသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန်များကို ဈေးကွက်သို့ တိုက်ရိုက်ပို့ဆောင်နိုင်သည့် နည်းပညာများနှင့် အအေးခန်းသိုလှောင်ရုံစီမံကိန်းများကို ဖော်ဆောင်နိုင်ခဲ့သည်။ ဤသည်မှာ ဒေသတွင်းရှိလယ်သမားများနှင့်လုပ်ငန်းရှင်ငယ်များအတွက် အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ပေးခဲ့ခြင်းပင်ဖြစ်သည်။

ဒုတိယအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် ဤဆယ်စုနှစ်၏ အကြီးမားဆုံးအောင်မြင်မှုတစ်ခုဖြစ်သည်။ MLC အစီအစဉ်ဖြင့် ဒေသတွင်းက ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရှင်ပေါင်းသောင်းနှင့်ချီ၍ ပညာသင်ဆုများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာဖလှယ်မှုအစီအစဉ်များကို ရရှိခဲ့ကြသည်။ ဤသည်မှာ ရုပ်ဝတ္ထုများ တည်ဆောက်ရုံသာမက အနာဂတ်ကို တည်ဆောက်မည့် လူသားများကိုပါ ပျိုးထောင်ပေးလိုက်ခြင်းဖြစ်သည်။

> ➤➤ **ပူးပေါင်းဆောင်ရွက်မှုဆယ်နှစ်အတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ မယုံနိုင်စရာ စံနမူနာသစ်တစ်ခုဖြစ်လာခဲ့သည်။ "တူညီသော မြစ်ရေ တူညီသောကံကြမ္မာ"ဟူသော ဆောင်ပုဒ်သည် စာသားတစ်ခုအဖြစ်မှ လက်တွေ့ကျသော အေးအတူပူအမျှ လူမှုအသိုက်အဝန်းတစ်ခုသို့ကူးပြောင်းနိုင်ခဲ့သည်။ မြစ်ဖျားခံရာဒေသမှ မြစ်ဝကျွန်းပေါ်ဒေသအထိ တည်ရှိနေကြသော အဖွဲ့ဝင်ခြောက်နိုင်ငံလုံးသည် ကိုယ်ကျိုးစီးပွားထက် ဒေသတွင်းတည်ငြိမ်သာယာရေးကိုရှေ့တန်းတင်ကာ ရွှေရောင်ဆယ်စုနှစ်တစ်ခုဆီသို့ အတူတကွ ချီတက်လျက်ရှိနေပြီဖြစ် . . .**

ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုသည်လည်း သိသိသာသာ အားကောင်းလာခဲ့သည်။ ယဉ်ကျေးမှုပွဲတော်များ၊ မီဒီယာဖလှယ်မှုများနှင့် ခရီးသွားလာရေးကဏ္ဍများ မြှင့်တင်ပေးခြင်းဖြင့် မဲခေါင်-လန်ချန်းမိသားစုဝင်များအကြား အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ဆယ်နှစ်တာခရီးအတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချပေးနိုင်သည့် အားအကောင်းဆုံးသော ဖွံ့ဖြိုးမှုအင်ဂျင်တစ်ခုအဖြစ် ကမ္ဘာ့မျက်နှာစာတွင် ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု(MLC)၏ အောင်မြင်မှုသမိုင်းကြောင်းကို ပြန်လှန်ကြည့်လျှင် မြန်မာနိုင်ငံသည် ဝတ်ကျေတန်းကျေပါဝင်ခဲ့ခြင်းမဟုတ်ဘဲ ရှေ့တန်းမှတက်ကြွစွာပါဝင်သူအဖြစ် ရပ်တည်ခဲ့သည်ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည်ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှကို ဆက်သွယ်ပေးထားသည့် တံခါးပေါက်ဖြစ်သလို MLC မိသားစု၏ အရေးပါသော အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ခိုင်မာစေရန် အစဉ်တစိုက်ကြိုးပမ်းခဲ့သည်။

မြန်မာနိုင်ငံ၏ပါဝင်မှုတွင် အထင်ရှားဆုံးသော မှတ်တိုင်မှာ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်အတွင်း မြန်မာနိုင်ငံသည် ရလဒ်ကိုအခြေခံသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရန် ဦးဆောင်နိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံသည် MLC ၏ အခြေခံမှုများဖြစ်သည့် အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့ကို လက်ကိုင်စွဲကာ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုပိုမိုခိုင်မာစေရန် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသည် MLC ၏ လုပ်ငန်းကဏ္ဍငါးခုလုံးတွင် ကော်မတီအဆင့်ဆင့်၊ အစည်းအဝေးအဆင့်ဆင့်၌ တက်ကြွစွာပါဝင်ဆွေးနွေးပြီး မိမိနိုင်ငံ၏ အကျိုးစီးပွားသာမက ဒေသတွင်းတစ်ခုလုံး၏တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်သော အကြံပြုချက်များကိုလည်း အစဉ်တစိုက်တင်ပြခဲ့သည်။ အထူးသဖြင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ ပါဝင်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော မဏ္ဍိုင်တစ်ခုဖြစ်ခဲ့သည်။

ယင်းသို့ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ၏ အခန်းကဏ္ဍမြင့်မားလာစေရုံသာမက MLC ၏အားကိုးထိုက်သော ခိုင်မာသည့် ဒေသတွင်းယန္တရားတစ်ခုဖြစ်လာစေရန်အတွက် တွန်းအားပင်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားချက်မှာ စကားလုံးများထက်လုပ်ရပ်များကိုပိုမိုဦးစားပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် MLC သည်အဝေးကလှမ်းကြည့်ရုံသာရှိသည့် မူဝါဒတစ်ခုမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ်အသက်ဝင်နေသည့် စီမံကိန်းများအဖြစ် တည်ရှိနေသည်။ MLC အထူးရန်ပုံငွေကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စီမံကိန်းပေါင်း ၉၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ဤပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသောသက်သေပင်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် မဲခေါင်-လန်ချန်း စိုက်ပျိုးရေးနှင့် နည်းပညာစင်တာများ တည်ထောင်ခြင်း၊ အရည်အသွေးမြင့် မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းတို့ကြောင့် ကျေးလက်စီးပွားရေးကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းများတွင် ရောဂါထိန်းချုပ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်းစီမံကိန်းများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် လမ်းစဖွင့်ပေးခဲ့သည်။

ပညာရေးနှင့် လူမှုဘဝမြှင့်တင်ရေးအပိုင်းတွင်လည်း MLC သည် အားကိုးထိုက်သော အင်အားတစ်ခုဖြစ်ခဲ့သည်။ ဝေးလံခေါင်ဖျားသောဒေသများရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ပေးခြင်းနှင့် နည်းပညာတက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို ပံ့ပိုးပေးခြင်းတို့သည် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောလူသားအရင်းအမြစ်များကို ပျိုးထောင်ပေးခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် MLC သည် ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပံ့ပိုးပေးရုံသာမက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာများကိုပါ ကူညီတည်ဆောက်ပေးခဲ့သည်။ ဤစီမံကိန်းများသည် မြို့ပြ၌သာမက ကျေးလက်နေပြည်သူများ၏ တစ်နေ့တာလူမှုဘဝများထဲအထိ ရောက်ရှိသွားကာ မဲခေါင်-လန်ချန်း မိသားစုစိတ်ဓာတ်ကို မြန်မာပြည်သူတို့၏ နှလုံးသားထဲတွင် လက်တွေ့ကျကျစိုက်ပျိုးပေးနိုင်ခဲ့သည်။

ခေတ်သစ်စီးပွားရေးကဏ္ဍတွင် ချိတ်ဆက်မှုသည် ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်နှင့်ဝန်ဆောင်မှုများ ချောမွေ့စွာစီးဆင်းနိုင်ရန် မဲခေါင်-လန်ချန်း စီးပွားရေးစင်္ကြံကို ဖော်ဆောင်လျက်ရှိသည်။ ဤစီမံကိန်းသည် ရုပ်ပြလမ်းပန်းဆက်သွယ်ရေးသာမကဘဲ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ချိတ်ဆက်မှုများကိုပါ တစ်ပါတည်းတည်ဆောက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဤစီးပွားရေးစင်္ကြံ၏ မဟာဗျူဟာမြောက် ဗဟိုချက်တွင် တည်ရှိသည်။ MLC အစီအစဉ်အောက်ရှိ လမ်းတံတားနှင့် အခြေခံအဆောက်အအုံစီမံကိန်းများသည်နယ်စပ်ဒေသများကို ဗဟိုစီးပွားရေးဇုန်များနှင့်ချိတ်ဆက်ပေးကာ ကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေးသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ ပတ်လမ်းကြောင်းတစ်ခုနှင့် ဟန်ချက်ညီညီပေါင်းစပ်ထားခြင်းကြောင့် မြန်မာ့ထွက်ကုန်များသည် ဒေသတွင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်သို့ပါ ပိုမိုမြန်ဆန်စွာ ရောက်ရှိနိုင်သည့် အလားအလာများ ပွင့်လန်းလာခဲ့သည်။

ထို့ပြင် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုကိုလည်း တစ်ပြိုင်တည်း မြှင့်တင်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော် အီးကောမာ့စ်နှင့် ခေတ်မီအကောက်ခွန်စနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စိတ်ချရစေသည်။ ဤစီးပွားရေးစင်္ကြံသည် မြို့ပြနှင့် ကျေးလက်ကြား၊ နိုင်ငံတစ်ခုနှင့်တစ်ခုကြား ကွာဟချက်များကိုပေါင်းကူးပေးကာ ဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အားကိုးထိုက်သော ကွန်ရက်ကြီးတစ်ခုဖြစ်လာခဲ့သည်။

ယင်းကဲ့သို့ ချိတ်ဆက်မှုများ အားကောင်းလာခြင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးစနစ်မှသည် ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဗဟိုပြုသည့် စီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရန် ခိုင်မာသောခြေလှမ်းများကို လှမ်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

မဲခေါင်မြစ်သည် ဒေသတွင်းနိုင်ငံများအတွက် စီးပွားရေးအရင်းအမြစ်တစ်ခုမျှသာမဟုတ်ဘဲ သက်ရှိထင်ရှားရှိနေသော သဘာဝအမွေအနှစ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကမဏ္ဍိုင်တစ်ခုမှာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဖြစ်သည်။ မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းနိုင်ငံများအကြား ရေကိုတရားမျှတစွာ ခွဲဝေသုံးစွဲနိုင်ရေးနှင့်

စာမျက်နှာ ၁၄ သို့ ◆

◆ **စာမျက်နှာ ၁၃ မှအဆက်**

ဂေဟစနစ်ထိန်းသိမ်းရေးသည် MLC ၏ အလေး အနက်ထားရမည့် တာဝန်တစ်ခုဖြစ်လာခဲ့ သည်။

ပြီးခဲ့သောဆယ်စုနှစ်အတွင်း MLC သည် ရေအရင်း အမြစ်ပူးပေါင်းဆောင်ရွက်ရေးစင်တာကိုတည်ထောင် ကာ အဖွဲ့ဝင်နိုင်ငံများအကြား ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာမျှဝေနိုင်ခဲ့ သည်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီး ရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် စောစီးစွာသတိပေးစနစ်ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ ခြင်းမှာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာ တန်ဖိုးရှိလှသည်။

မြန်မာနိုင်ငံသည် ဤပူးပေါင်းဆောင်ရွက်မှုအောက် တွင် မြစ်ချောင်းများထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှု ကာကွယ်ရေးနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ကာကွယ် စောင့်ရှောက်ရေး စီမံကိန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်မြစ်ဝှမ်း တစ်လျှောက်ရှိ ငါးသယံဇာတများရေရှည်တည်တံ့ စေရန်နှင့် မြစ်ကြောင်းတစ်လျှောက်နေထိုင်ကြသော ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်လုံခြုံမှုရှိစေရန် အတွက် နည်းပညာဖလှယ်မှုများကိုလည်း ပြုလုပ် ခဲ့သည်။

ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် ယနေ့မျိုးဆက် အတွက်သာမက နောင်လာနောက်သားများအတွက်ပါ မဲခေါင်မြစ်ကြီးကို အမွေပေးနိုင်ရန် ကြိုးပမ်းခြင်းဖြစ် သည်။ စိမ်းလန်းသော မဲခေါင်-လန်ချန်း ရည်ရွယ်ချက် ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ထိန်းညှိခြင်းသည် MLC ၏ အနှစ်သာရတစ်ခုပင်ဖြစ်သည်။

ဆယ်စုနှစ်တစ်ခု၏ အောင်မြင်မှုများကို ဂုဏ်ယူ ဝင့်ကြွားစွာ ကြည့်ရှုနေစဉ်မှာပင် ကျွန်ုပ်တို့သည် ရှေ့ဆက်ရမည့်ခရီးစဉ်တွင်ရှိနေသော အတားအဆီး များကို မျက်ကွယ်ပြု၍ မရနိုင်ပါ။ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC သည် ယခုအခါတွင် အရှိန်အဟုန်ပြင်းစွာ မောင်းနှင်နေသော ယန္တရား တစ်ခုဖြစ်သော်လည်း ပြောင်းလဲလာသော ကမ္ဘာ့ ဘဏ္ဍာရေးအခြေအနေ၊ ပထဝီနိုင်ငံရေးတင်းမာမှု များနှင့် ရာသီဥတုဖောက်ပြန်မှုများက စိန်ခေါ်မှုအသစ် များကို ဖြစ်ပေါ်စေခဲ့သည်။

ပထမဦးစွာ စီးပွားရေးပြန်လည်ကုစားမှုသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအပြီးတွင် ဖြစ်ပေါ်လာသော ငွေကြေး ဖောင်းပွမှုနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုနှုန်းကို အနည်းငယ်နှေးကွေးစေခဲ့သည်။ ဤအတားအဆီးကို ကျော်လွှားရန်အတွက် MLC အနေဖြင့် ယခင်ကထက် ပိုမိုခိုင်မာသော ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းစဉ်များ ကို ဖော်ဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်သော နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ ဆိုက်ဘာ လိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးကုန်သွယ်မှုများသည် ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ဤစိန်ခေါ်မှုများသည် နိုင်ငံတစ်ခုတည်း၏ အားထုတ် မှုဖြင့် မလုံလောက်ဘဲ MLC မိသားစုဝင်များအားလုံး၏ စုပေါင်းအင်အား သတင်းအချက်အလက်မျှဝေမှုနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ တင်းကျပ်သောပူးပေါင်း ဆောင်ရွက်မှုများကြောင့်သာ အောင်မြင်စွာတွန်းလှန် နိုင်မည်ဖြစ်သည်။

ရှေ့ဆက်ရမည့်ခရီးသည် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောယုံကြည်မှု တို့ကို တောင်းဆိုနေပေသည်။ စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းသည်သာ MLC ၏ နောက်ထပ်ဆယ်စုနှစ်အတွက် အောင်မြင် သောသော့ချက်ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိရင်ဆိုင်နေရ သော ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းများနှင့် နူးနယ်သောအသွင်ကူးပြောင်းရေးကာလသည် ဒေသ တွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် စိန်ခေါ်မှု တစ်ရပ်ဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့ ခက်ခဲသည့်အခြေအနေများကြားကပင် မြန်မာ့ ခေါင်းဆောင်များသည် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုကို မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်လျက် ရှိပေသည်။

မြန်မာနိုင်ငံ၏ ခေါင်းဆောင်ပိုင်းသည် MLC ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သော မဟာဗျူဟာမြောက်မဏ္ဍိုင်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် ပြည်တွင်းရေးအခက်အခဲ များရှိနေလင့်ကစား ဒေသတွင်းတည်ငြိမ်ရေးနှင့် စီးပွားရေးပြန်လည်နိုးထစေရန်အတွက် MLC အစည်း အဝေးများ၊ ထိပ်သီးဆွေးနွေးပွဲများနှင့် စီမံကိန်း အကောင်အထည်ဖော်မှုများတွင် ရပ်တန့်သွားခြင်း မရှိဘဲ တက်ကြွစွာပါဝင်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံရေးအခြေအနေမည်သို့ပင်ရှိစေကာမူ အိမ်နီးချင်း နိုင်ငံများနှင့်လက်တွဲ၍ ဒေသတွင်းအကျိုးစီးပွား ကို ရှေ့တန်းတင်လိုသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့် သံတမန်ရေးရာ ရပ်တည်ချက်ကို ပြသနေခြင်းပင်ဖြစ် ပေသည်။

ထို့ပြင် ဘေးကင်းလုံခြုံသော မဲခေါင်ဒေသ ဖြစ်ပေါ်လာစေရန်အတွက် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေးနှင့် ဆိုက်ဘာ လိမ်လည်မှု နှိမ်နင်းရေးတို့တွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက် ရှိသည်။ ခေါင်းဆောင်များ၏ ဤကဲ့သို့ မျက်ခြည် မပြတ် အားစိုက် ဆောင်ရွက်မှုကြောင့်သာ MLC စီမံကိန်းများသည် မြန်မာ့မြေပေါ်တွင် ဆက်လက် အသက်ဝင်နေပြီး ပြည်သူများအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီးနှင့် အလုပ်အကိုင်အခွင့်အလမ်း များကို ဆက်လက်ဖော်ဆောင်ပေးနိုင်ခြင်းဖြစ် သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဒုတိယ ဆယ်စုနှစ်သို့ ခြေလှမ်း လှမ်းရာတွင် လျစ်လျူရှု၍ မရသောကဏ္ဍမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးစနစ်သည် ရုပ်ပိုင်းဆိုင်ရာ ကုန်သွယ်မှုမှသည် အချက်အလက်နှင့်နည်းပညာ အခြေပြု စီးပွားရေးစနစ်သို့ ကူးပြောင်းနေပြီဖြစ် သည်။ ထို့ကြောင့် MLC ၏ ရှေ့ဆက်မည့် မဟာဗျူဟာ တွင် (Digital Mekong) ဖော်ဆောင်ရေးကို ထိပ်တန်းဦးစားပေးအဖြစ် ထည့်သွင်းရန် အကြံပြု လိုသည်။

မြန်မာနိုင်ငံအတွက်မူ ဒစ်ဂျစ်တယ်စီးပွားရေးသည် ပထဝီဝင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကန့် အသတ်များကို ကျော်လွှားနိုင်မည့် ဖြတ်လမ်းတစ်ခု ဖြစ်သည်။ MLC အနေဖြင့် မြန်မာနိုင်ငံတွင် ကျယ်ပြန့် သော 5G ကွန်ရက်များတည်ဆောက်ခြင်း၊ နည်းပညာ မြင့် ဒေတာစင်တာများထူထောင်ခြင်းနှင့် အီလက် ထရောနစ် ငွေပေးချေမှုစနစ်များ အပြန်အလှန် ချိတ်ဆက်ခြင်းတို့ကို ပံ့ပိုးပေးသင့်သည်။ ဤသည်မှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ပိုမိုမြန်ဆန်စေ ရုံသာမက ဝေးလံခေါင်ဖျားဒေသရှိလူငယ်များအတွက် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးမည်ဖြစ်သည်။

ထို့ပြင် စမတ်စိုက်ပျိုးရေးနည်းပညာများကို MLC အထူးရန်ပုံငွေဖြင့် ပိုမိုတိုးချဲ့သင့်သည်။ အိုင်အိုတီ (IOT)နည်းပညာနှင့် ဒရုန်းများကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ရာသီဥတုခန့်မှန်း ချက်များကို အချိန်နှင့်တစ်ပြေးညီရယူခြင်းတို့သည် မြန်မာ့လယ်ယာကဏ္ဍကိုခေတ်မီစေမည်ဖြစ်သည်။ အနာဂတ် MLC သည် လမ်းတံတားများတည် ဆောက်ရုံသာမက ဒစ်ဂျစ်တယ် ပိုးလမ်းမကိုပါ ခိုင်မာအောင်တည်ဆောက်ခြင်းဖြင့် ဒေသတွင်းနိုင်ငံ များအကြား နည်းပညာကွာဟချက်ကို ပေါင်းကူးပေး ရမည်ဖြစ်သည်။

နည်းပညာသည် စီးပွားရေးကိုမြင့်တင်ပေးရုံ သာမက အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍများကိုပါ ပွင့်လင်းမြင်သာပြီး ထိရောက်စေမည်ဖြစ်ရာ ဒစ်ဂျစ် တယ်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံခြင်းသည်MLC၏အနာဂတ် အတွက် အမြတ်အစွန်းအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှု ဖြစ်လာပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဒုတိယဆယ်စုနှစ်ထဲသို့ ခြေစုံပစ် ဝင်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုဟူသော စကားရပ်ကို အဓိပ္ပာယ်အသစ်ဖွင့်ဆိုရမည်ဖြစ်သည်။ ယခင်ကစီးပွားရေးတိုးတက်မှုအတွက် သဘာဝအရင်း အမြစ်များကို အလွန်အကျွံအသုံးပြုခဲ့ကြသော်လည်း အနာဂတ်မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စိမ်းလန်းသောဖွံ့ဖြိုးမှုကို မဏ္ဍိုင်ပြုရမည်ဖြစ်သည်။ ဤသည်မှာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးကို မြင့်မားစေမည့် ရေရှည်တည်တံ့သော လမ်းစဉ်ပင်ဖြစ်သည်။

ထို့ပြင် MLC အနေဖြင့် စိမ်းလန်းသောစက်မှုဇုန်များ တည်ထောင်ခြင်းကို အားပေးသင့်သည်။ မြန်မာ နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများ နှင့်အညီ လည်ပတ်နိုင်ရန် နည်းပညာနှင့် အရင်းအနှီး များ ကူညီပေးရမည်ဖြစ်သည်။ အထူးသဖြင့် မဲခေါင် မြစ်ဝှမ်းတစ်လျှောက်ရှိ ဂေဟစနစ်ကိုအခြေခံသော ခရီးသွားလုပ်ငန်းများအား မြှင့်တင်ခြင်းဖြင့် ဒေသခံ ပြည်သူများ၏ ဝင်ငွေကိုတိုးတက်စေကာ သဘာဝ တောတောင်များကိုလည်း တစ်ပါတည်းစောင့်ရှောက် နိုင်မည်ဖြစ်သည်။

အနာဂတ်၏ MLC သည် အကျိုးအမြတ်တစ်ခု တည်းကိုသာကြည့်သော အဖွဲ့အစည်းမဟုတ်ဘဲ ကမ္ဘာမြေ၊ ပြည်သူနှင့် သာယာဝပြောမှုဟူသော အချက် သုံးချက်ကို ဟန်ချက်ညီညီပေါင်းစပ်ပေးသည့် စံပြ ယန္တရားတစ်ခုဖြစ်လာရန်အကြံပြုလိုသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC ၏ လွန်ခဲ့သောဆယ်စုနှစ်တစ်ခုသည် ရောင်နီဝေဆာသော အစပျိုးခြင်းသာဖြစ်သည်။ ဤမြစ်မကြီး၏ ရေစီးသံသည် အဖွဲ့ဝင် ခြောက်နိုင်ငံလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးမှုတို့၏ တေးသံအဖြစ် ပဲ့တင်ထပ် ခဲ့လေပြီ။ မြန်မာနိုင်ငံအတွက်လည်း MLC သည် အိမ်နီးချင်းကောင်းပီသမှု၏ သက်သေဖြစ်သလို နိုင်ငံတော်၏အနာဂတ်ကိုပုံဖော်ရာတွင် အားကိုး ထိုက်သော မဟာဗျူဟာမြောက် လက်တွဲဖော်လည်း ဖြစ်သည်။

ကျွန်ုပ်တို့ဖြတ်သန်းခဲ့သော ဆယ်နှစ်တာခရီးစဉ် သည် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ်ပြောင်းလဲ နိုင်ခြင်းဟူသော သင်ခန်းစာကိုပေးခဲ့သည်။ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာကဏ္ဍများတွင် ရရှိခဲ့သော အောင်မြင်မှုများသည် နောက်ထပ်ဆယ်စုနှစ်များစွာ အတွက် ခိုင်မာသောအုတ်မြစ်များပင်ဖြစ်သည်။ ရှေ့ဆက်မည့်ခရီးတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ ရှိနေဦးမည်ဖြစ်သော်လည်း မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူ မိသားစုစိတ်ဓာတ်ဖြင့် လက်ချင်းတွဲ လိုက်လျှင် ကျွန်ုပ်တို့ မကျော်လွှားနိုင်သော အခက်အခဲ ဟူသည် မရှိနိုင်ပါ။

အနာဂတ်၏ မဲခေါင်-လန်ချန်းဒေသသည် ယခင် ကထက် ပိုမိုစိမ်းလန်းပြီး ပိုမိုခေတ်မီကာ ပိုမိုသာယာ ဝပြောသော ကံကြမ္မာတူ အသိုက်အဝန်းတစ်ခုဖြစ်လာ မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ မြန်မာ နိုင်ငံသည်လည်း ဤရွှေရောင်ခရီးစဉ်တွင် တက်ကြွ သော အင်အားစုအဖြစ်၊ အားကိုးထိုက်သောအိမ်နီးချင်း အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကာ မဲခေါင် မြစ်မကြီးနှင့်အတူ ထာဝရရှင်သန်ဖွံ့ဖြိုးတိုးတက် နေဦးမည်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့်ရေးသား တင်ပြလိုက်ရပါသည်။ ။

# မြစ်သားမြို့နယ်၌ ပဲတီစိမ်း ၆၀၇ ကေလျာထားစိုက်ပျိုး



**မြစ်သား မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သား မြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံ စေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ် မိုးကြိုသီးနှံစိုက်ပျိုး ရာသီတွင် ပဲတီစိမ်း ၆၀၇ ကေလျာထား စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှသိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုစိုက်ပျိုးရာသီ တွင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်မြို့နယ် အတွင်း တောင်သူများကို အထွက်နှုန်း ကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပဲတီစိမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ အရည်အသွေး ကောင်းသီးနှံများ ထွက်ရှိရေးအတွက် စိုက်ခင်းအတွင်း ကွင်းဆင်းအသိပညာပေး လျက်ရှိသည်။

မိုးကြိုသီးနှံ ပဲတီစိမ်းအထွက်နှုန်းများ တိုးတက်စေရန်နှင့် အရည်အသွေးကောင်း မွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး ရန်လိုကြောင်း၊ ပဲတီစိမ်းစိုက်ခင်းများ အတွက် လိုအပ်သည့်စိုက်ပျိုးရေးသွင်း အားစုများထည့်သွင်းခြင်းဖြင့် အထွက်နှုန်း ကောင်းမွန်မည်ဖြစ်ကြောင်း မိုးကြိုသီးနှံ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှသိရ သည်။

ဝါဝါမြင့်(မြစ်သား)

# (၁၃) ကြိမ်မြောက် ရန်ကင်းမြို့နယ်လုံးဆိုင်ရာ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ အရိယာဓမ္မာရုံ၌ (၁၃)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ်လ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားသို့ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ ရန်ကင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌ ဦးချိုလေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးငွေးဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ပညာ့ဝတီရိပ်သာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ရန်ကင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းကိုဖတ်ကြားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးနှင့်စာအောင်သံဃာတော်များကို ရတုပိုဒ်စုံများဖြင့် ပူဇော်ကြသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃာ့နာယကအဖွဲ့ဆရာတော်များ၊ စာအောင်သံဃာကျောင်းတိုက်များ၏ ပဓာနမဟာနာယက ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးနှင့် စာအောင်သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ ဓမ္မာစရိယတတိယအဆင့်ဘွဲ့ရ ဆရာတော်တစ်ပါး၊ စာအောင်ဓမ္မာစရိယဆရာတော် ၃၆ ပါး၊ ပါဠိပထမပြန် စာအောင်သံဃာ ၁၁၄ ပါးတို့အား ဘွဲ့တံဆိပ်တော်များ၊ စာအောင်လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၁၈ ရက်က နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပသည်။




ရှေးဦးစွာ သာကေတမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသူရိန်ဇော်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးမြစိန်(ပညာရေးငြိမ်း)က မှဒိတာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်ကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးမြစိန်(ပညာရေးငြိမ်း)အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်ကျော်က ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းတွင် အင်္ဂလိပ်စာစွမ်းရည်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသူရိန်ဇော်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက Sealed With A Kiss သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

အဆိုပါ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းကို မတ်လ ၄ ရက်က စတင်ဖွင့်လှစ်သင်ကြားခဲ့ကာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သဲထက်ဇင် (ပြန်/ဆက်)**




# ရေတာရှည်မြို့နယ် ယဲကောကျေးရွာ၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ရေတာရှည် မတ် ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို မတ်လ ၁၉ ရက်တွင် ယဲကောကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီပြုံးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ယဲကောကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ခိုင်**

# ဘားအံမြို့နယ် လှိုင်းဝါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

ဘားအံ မတ် ၁၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လှိုင်းဝါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို မတ်လ ၁၈ ရက်၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက လှိုင်းဝါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂ ဦးအတွက် ရန်ပုံငွေ ငွေကျပ် သိန်း ၃၈၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် မတ် ၁၉

၂၀၂၆ ခုနှစ် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း) နှင့် ပြည်နယ်ခန်းမတို့၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်ချီးမြှင့်သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သည့် ၂၀၂၆ ခုနှစ် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဖတ်ကြားစဉ်။

သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ ခုနှစ် (၅၂) နှစ်မြောက်မွန်ပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည့် (၅၂)နှစ်မြောက်မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုများဖြစ်ကြသည့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီးပွားရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စင်တာမုခ်ဦးအား စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များက စင်တာကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ စင်တာအတွင်းရှိ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ တိုင်းရင်းသားရိုးရာနေအိမ်များနှင့် ယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ကော့သောင်းမြို့၌ အသိပညာပေးခြင်းများဆောင်ရွက်

ကော့သောင်း မတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ... နာရီတွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများက လေပြင်းဘေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ဦးစီးအရာရှိ ဦးသူရိန်မြင့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရည်ရွယ်ချက်များ၊ သဘာဝဘေးအမျိုးအစားများ၊ သဘာဝဘေးများကျရောက်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပါက ထောက်ပံ့မှုအခြေအနေများ၊ လေပြင်းဘေး/မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ကြိုတင်ပြင်ဆင်ရန်အချက်များ၊ သတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ လေပြင်းဘေး/မုန်တိုင်းဘေး ဖြစ်ပေါ်နေစဉ်လိုက်နာရန်နှင့် ရှောင်ရှားသင့်သည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန် ပြုလုပ်ရန်နှင့်ရှောင်ရှားသင့်သည့်အချက်များ၊ မုန်တိုင်းဘေးနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သော အရောင်သတ်မှတ်ချက်များကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ရပ်ကွက်/ ကျေးရွာစာရေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

# မော်လမြိုင်မြို့ရှိ ရွှေမြိုင်သမဝါယမအသင်း၏ တန် ၉၀ ဆန်စက်အား ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင်မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ အခြေခံစာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းတက်ရောက်နေကြသော မွန်ပြည်နယ်သမဝါယမဦးစီးဌာနမှ အမှုထမ်းများ၊ ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ အမှုထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဝန်ထမ်းတစ်ဦးချင်း၏အခက်အခဲများကိုမေးမြန်းကာ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ၃ ထပ်စာသင်ဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာန ၄ ခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်သဇင် သမဝါယမအသင်းနှင့် မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏တန် ၉၀ ကျဆန်စက်နှင့်တန် ၁၂၀ စပါးအခြောက်ခံစက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရင်းအနှီးရရှိရေး၊ အထွက်တိုးမျိုးနှင့် သွင်းအားစုရရှိရေးအတွက် စီမံကိန်းများလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ ထွက်ရှိလာသောစပါးများကို သမဝါယမအသင်းပိုင် ဆန်စက်ဖြင့် ဝယ်ယူကြိတ်ခွဲ၍ ပြန်လည်ရောင်းချခြင်းဖြင့် အသင်းသားတောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်၍ အသင်းအချင်းချင်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ကွင်း၊ စိုက်ခြံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်းရွာရော်ဘာခြံ၌ ရော်ဘာပင်များစိုက်ပျိုးထားရှိမှု၊ အစေးလှီးထုတ်လုပ်နေမှုအခြေအနေကိုကြည့်ရှုပြီး စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာနှင့်ရော်ဘာထွက်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သောကြောင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် ပင်ပြည့်၊ ကွက်ပြည့်အစေးလှီးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် အလေအလွင့်မရှိအောင် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်မှုကြီးကြပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများကိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာသင်ယူခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်စက်မှုဇုန်ရှိ ထူးစက်မှုလက်မှုလုပ်ငန်း၌ ခေတ်မီစက်ကိရိယာပစ္စည်းများ အသုံးပြု၍ စက်ခုတ်စားနေမှု၊ လက်ဆွဲကောက်စိုက်စက်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန စက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ အဆိုပါဌာနမှတာဝန်ရှိသူများနှင့်တွေ့ဆုံရာ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပြောကြားပြီး ဆိပ်ကမ်းမြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၄)အရက်ချက်စက်ရုံ (မော်လမြိုင်)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများအားသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရန်မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဌာနတာဝန်ခံနှင့်တာဝန်ရှိသူများက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စက်မှုဖွံ့ဖြိုးရေးဌာန၏လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပံ့ပိုးပေးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် သီးခြားစီလက်ခံတွေ့ဆုံ




နေပြည်တော် မတ် ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ မကြာမီပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့်ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် Ms. Noriko Takagi အနေဖြင့် ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNHCR တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေနှင့် UNHCR မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ – ထိုင်းနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 453 male and 53 female PDF members, totalling 506 who have come to have trust in the peace process of the State and Tatmadaw enter the legal fold together with arms and ammunition; officials hand them back to the parents and guardians

NAY PYI TAW March 19

The State has been inviting the persons who are in the anti-government armed groups under various names including PDF, and providing necessary assistance to the ones who return to the legal fold.

Thanks to those good will deeds, PDF members are coming back to the legal fold. As the Tatmadaw columns are recontroling the areas under the temporary control of the combined groups by the name PDF one after another in Mandalay Region, the people are warmly welcoming and supporting the Tatmadaw with enthusiasm and rendering a helping hand with full trust. As a result, the morale of terrorist groups falls and they lose the spirit to continue the fight. Hence, PDF members who wish to abandon the armed struggle line and live in peace are coming back to the fold in groups. Officials of the relevant areas are welcoming and accommodating them.



Ceremony to transfer the PDF members who returned to the legal fold back to their parents and guardians in progress.

Today, a ceremony to transfer the PDF members who returned to the legal fold back to their parents and guardians, was held at the parade ground of Central Command HQ, attended by Mandalay Region Chief Minister U Myo Aung, Central Command Commander Brig-Gen Aung Htay, officials, departmental personnel, parents and guardians of the returnees and honouredguests.

First, the Chief Minister gave a speech, followed by dissemination of legal knowledge by the command commander. Those entered the legal fold handed over 78 assorted arms, 38 grenades/shells, three walkie-talkies, 50 assorted magazines, 3,362 assorted bullets, 14 assorted mines, one bullet-proof vest, five bullet-proof helmets, they brought together with them, to the commander. The Chief Minister and the commander presented Ks-100,000 each to returnees, totalling Ks-200 million as cash award at a rate of Ks-5 million for one automatic rifle, Ks-7.5 million for one RPG, Ks-500,000 for one home-made gun, Ks-300,000 for one grenade/shell, Ks-200,000 for one walkie-talkie, Ks-200,000 for one bullet-proof vest and Ks-200,000 for one-bullet-proof helmet. After signing the pledge, the returnees were transferred back to their parents and guardians.

The Chief Minister of the region, the commander and officials observed arms and ammunition handed over by those who returned to the legal fold, cordilly greeted the attendees and served them with foodstuffs.

Today, those who returned to the legal fold were handed over. They were 39 males and five females from Aungmyaythazan Township, three males from Chanayethazan Township, one male from Chanmyathazi Township, six males from Pyigyidagun Township, eight males and two females from Amarapura Township, three males and one female from Patheingyi Township, one male from Kyaukse Township, two males from Singaing Township, one male from TadaU Township, one male from Nganzun Township, four males from PyinOoLwin Township, one male and one female from Meiktila Township, nine males from Natogyi Township, two males and one female from Yamethin Township, four males from Mogok Township, 58 males and two females from Madaya Township, 219 males and 31 females from Singu Township, 67 males and seven females form Thabeikkyin Township, three males from Kyaukpadaung Township, eight males and two females from Myingyan Township, and five males and one female from NyaungU Township of Mandalay Region, two males from Magway Township, three males from Ngaphe Township and three males from Taungdwingyi Township of Magway Region. Hence, a total of 453 males and 53 females, totalling 506 returned to the legal fold.

It is reported that the majority of PDF members who have entered the legal fold were forcibly recruited under threats and coercion directed at their family members and relatives. Many of them were unable to accept acts of terrorism, and within these groups there were also instances of hierarchical abuse, including bullying, torture, killings and rapes, and they also reportedly lost the ability to resist offensives by Tatmadaw, leading to down heartedness. In addition, they came to trust and accept the peace process of the State and Tatmadaw, and wished to live peacefully within the legal framework. They also expressed a desire to contribute positively to the State and the public for the losses and harm caused as a result of their previous involvement. Hence, they abandoned the armed struggle line and returned to the legal fold.

Those who have returned to the legal fold in this manner are being welcomed and accepted back, provided with necessary assistance and support, and systematically transferred to their parents or guardians. There are still others who wish to return to the legal fold. Those who wish to do so are advised to promptly contact the nearest district or township administrative offices, military units, or police stations, where they will be welcomed back and provided with the necessary assistance and support. It is further stated that rewards will be provided for arms and ammunition.

The testimonies of those who have entered the legal fold are also heard as follows: -

1. I would like to recount my experiences of joining the terrorist group. While working in Nay Pyi Taw, I was called by my friend. He said you would get high salary. He promised that he would arrange convenience for me in all aspects, adding you would not face any requirements. So, I joined the terrorist group due to his help. Afterwards, I attended a three-month course. During the three-

See Page - 19►►



►► From Page - 18

month training period, we did not have sufficient medicines. Those terrorists put ammunition as well as petrol into rice for us. As a result, some trainees experienced unconvenience of foods. Consequently, some of them suffered from fever and dysentry. At that time, those terrorists scolded them that you did not take care of foods, so you may face so. They did not provide healthcare to them.

Some trainees fled away due to difficulties. Some of them were shot dead along the way. Some of them were taken back, and they were tied and beaten. Some individuals suffered from bleeding at hips. Some of them were beaten until they bled from their mouths. After concluding the training, we served at the public relations unit. So, we had to stop at checkpoints along the way. At that time, we followed those terrorists to arrest someone. We were assigned to seize narcotic drugs. So, when we seized narcoic drugs, those terrorists used the drugs. And, they arrested innocent people and beat them. Moreover, those people were kept in castody. And, they took extorted money from the people.

With regard to the gold mining, there are 14 gold mining blocks in Singu area. All 14 blocks were controlled by those terrorists. They do not allow anyone to enter the area. They beat those who entered the gold mining area. And, those entrants were arrested and kept in custody. Some of those entrants were poured by boiling water on their heads. When Tatmadaw has taken control of Singu area, some blocks of gold mining were allotted to the people for public business. The terrorist groups did not do so. They are eager to totally control these areas and they never allocate these areas to any other.

In operating the fish farms, the terrorists demand Ks-10 million per month from the fish farmers. They beat those farmers who are unaffordable to pay. Moreover, we faced many hardships. In our position of private, even among privates, they spoke to each other disrespectfully and with contempt. Even among our seniors, if there were female troops who were attractive, they would call them close and make inappropriate, flirtatious remarks. They would also behave improperly toward them. We experienced such situations. Because of these kinds of incidents, we did not feel safe, so we fled from there and returned to the legal fold at Tatmadaw. When we returned to the legal fold to the Tatmadaw side, we were told that if women returned to the legal fold, they would be raped, and if men do so, they would be forced into military service. However, when we actually joined, none of that was true. We were given the same food as them, lived in the same conditions, and everything was properly arranged so that we lacked nothing. What they had said to us and the way they had incited us turned out to be completely different from reality. What I want to say is: do not waste your life in the jungle—come and returned to the legal fold to Tatmadaw. Because we have entered to the legal fold, I am now able to return home and reunite with my parents. The Tatmadaw welcomes those who come over. I also promise that I will never again get involved with such organizations in the future.


2. When I first joined the terrorist organization, I was only 15 years old. The reason I joined the terrorist organization was that the terrorist organization came to our village to conduct recruitment campaigns, held rallies, and conscripted people in a manner where no household could avoid them. They said that if any household didn't comply, they would harm our families, kill our parents, and so on. So, out of fear, we ended up joining. When we arrived at the terrorist organization, we had to undergo three months of military training. During those three months of training, there wasn't adequate medicine. Because of that, some people couldn't endure those hardships and tried to escape. If they were caught escaping, they would be killed, beaten, and tortured. So, out of fear, we completed the military training. After military training, we were assigned to public relations duties. On the public relations highway, we had to guard checkpoints. They collected taxes in the form of tolls. As for oil barrels, they would confiscate them at half-price.

Because they confiscated oil at half-price, some people couldn't afford to pay. For those who couldn't pay, they would have their oil barrels seized, their belongings confiscated.



Because of that, some people were called in for suspicion. After being called in, they were tortured, beaten, had their fingernails and toenails pulled out, had boiling water poured on their heads. They say 'The people are our mother, the people are our father,' but what they do and what they say are completely different in reality. As for us comrades, they talk about equality, but the officers, they go to KTVs, cavort with bad women, drink and party, use ketamine, spend lavishly. When they go out for a single night, they spend hundreds of thousands. As for the comrades, they rape women. There was a girl trainee; they called her late at night, saying they wanted to talk, and then they raped her. The girl was sent back to her village without any responsibility taken, while the boy was left as is, without any punishment. So, living there, we felt we ourselves were not safe. We couldn't bear to lose our lives in that place. That's why we escaped. After escaping, we tried to defect. They had brainwashed us. They said if we defected to the Tatmadaw side, if we were girls, we would be raped; if we were boys, when we turned 18, we would be conscripted. So we were scared, and we asked a friend who had defected earlier. We asked, 'Friend, is everything alright?' Our friend said, 'Everything is fine, don't worry at all. The Tatmadaw side is warmly welcoming you all.' So we contacted the responsible officers here and we defected to this side. When we arrived here, everyone welcomed us warmly. They provided us with everything we needed. We live as they live, we eat as they eat. For us, coming back from the darkness into the light, we feel it was absolutely the right thing to do. Therefore, to our friends, brothers, and sisters still over there: please don't sacrifice yourselves staying in that place; come and defect to the Tatmadaw side. Don't sacrifice your lives in that existence. We, too, having defected, if we can return, we promise to live well, work honestly, and earn a good living for our parents, our country, and our people, and we vow never to commit such a mistake again.

3. The reason I ended up in the terrorist organization was that while I was working in Yamethin, a friend called me on the phone. He said, 'Brother-in-law, come here, working over here is really good, you get a lot of money,' so I came because he called. When I arrived, he sent me to a recruitment point. At the recruitment point, there were many people. I saw some uncles and aunties and asked them, 'Uncles, aunties, where are you all going to work?' Then those uncles and aunties said, 'What work are we going to do? They're going to make us take up arms and fight.' It was only then I realized that he had lied to get me there. When I realized, I immediately tried to escape. But then they threatened me, saying, 'If you escape, it won't just be you; we will kill your family too.' So, because of that, I did as they said and stayed. I stayed and also took the training they gave. During the training, it was very hard; meals weren't regular. They said if we got sick, we should tell them in advance, that they wouldn't send sick people to the front, and they wouldn't send underage children to the front. But as soon as we finished training, they sent us to the front. Children as young as 15, 16, 17 were included. At the front, they didn't provide us with sufficient weapons and ammunition. They only gave us a small number of people. I love my parents and wanted to see them again, so I escaped from the front line. When I got home, the villagers, my parents and the community, didn't want me to stay in the village. Even my own parents wouldn't let me stay. Since they wouldn't let me stay, the terrorist organization came and arrested me again. They detained us in Letpanhla. While detained in Letpanhla, I, along with one other person, escaped again. After escaping, we contacted a friend who had defected in the first batch. I didn't dare to defect myself at first. But my friend persuaded me well, telling me good things. I believed what he said, and so I came to defect myself. The Tatmadaw warmly welcomed us. They provided us with ample food and supplies. They took us to clinics and everything, making sure we lacked nothing. Therefore, after this ceremony, I will be able to live freely in my village, including with my parents. That's why I want to take this opportunity to invite all the brothers, sisters, and friends still in the jungle to defect. I pledge to the parents and the public that I will no longer associate with terrorist organizations in the future. **100**



# Anutin Charnvirakul re-elected Thailand's PM

BANGKOK March 19

Anutin Charnvirakul, a candidate from the Bhumjaithai Party, was re-elected Thailand's Prime Minister after securing a simple majority in a vote cast by the House of Representatives on Thursday.

Anutin, whose party holds the most seats in the freshly elected House of Representatives, was nominated for the Prime Minister's post against Natthaphong-Ruengpanyawut, leader of the People's Party, which finished second in the February polls.

In a roll call vote, Anutin secured 293 votes in favor, surpassing the simple majority of 499 members in the lower house required for approval, House Speaker Sophon Zaram announced.

In his address, Anutin assured members of parliament and senators that he would collaborate with all representatives to ensure the country's prosperity and the public interest of its citizens.

Anutin is pending endorsement by Thai King Maha Vajiralongkorn to officially assume his new term as the 32nd Prime Minister of the Southeast Asian country.

His Bhumjaithai Party has announced its alliance with the third-placed election finisher, the Pheu Thai Party, and other small groups to form a coalition government.

Anutin has been the Prime Minister since last September after winning a parliamentary vote, following a ruling from Thailand's Constitutional Court that removed former Prime Minister Paetongtarn Shinawatra from her premiership for violating the constitution over an ethics breach.

After a 5-year absence from the political arena, the former construction magnate returned in 2012 as the leader of the Bhumjaithai Party. Since then, Anutin has served as deputy prime minister in several administrations and has held ministerial portfolios for public health and interior. **Xinhua**

# Second Russia–India Conference on strategic partnership set to be held

MOSCOW March 19

Russian–Indian relations have been developing dynamically year after year, achieving record results across numerous indicators.

The evolution of bilateral ties in the 2020s shows that the rapprochement between Moscow and New Delhi is not a tactical manoeuvre but a long-term foreign policy priority for both states.

In 2025, Russian–Indian cooperation demonstrated significant resilience to external economic pressure. India's decision not to curb trade with Russia, even under the threat of secondary US sanctions, served as practical evidence of New Delhi's commitment to deepening its partnership with Moscow.

Trade, long considered the "weak link" in Russian–Indian relations, has transformed into their main driving force. In the 2024–2025 fiscal year, bilateral trade turnover reached a record high of US$-68.7 billion. The two countries' leaders have set a target of increasing this figure toUS$-100 billion by 2030.

On March 23, 2026, the Russian International Affairs Council (RIAC), jointly with the Embassy of the Republic of India in Russia, will hold the Second International Conference "Russia and India: Toward a New Bilateral Agenda."

**Sputnik**

# QatarEnergy confirms missile strikes on LNG facilities

DOHA March 19

Qatar's state-owned energy company QatarEnergy has confirmed that several of its liquefied natural gas (LNG) production facilities came under missile attacks in the early hours of Thursday.

"QatarEnergy confirms that in the early hours of Thursday 19 March 2026, several of its Liquefied Natural Gas (LNG) facilities were the subject of missile attacks, causing sizeable fires and extensive further damage," the company said in a statement on X.

No casualties were immediately reported. Emergency services were called to extinguish the fires.




On Wednesday, QatarEnergy reported a missile strike and a fire at the industrial hub of Ras Laffan in the country's north, home to its largest liquefied natural gas production complex.

Iran has warned it will target energy infrastructure in Qatar, Saudi Arabia, and the United Arab Emirates in retaliation for Israeli and US strikes on its South Pars gas field.

**Sputnik**

# Major British bank to replace human workers with AI –Bloomberg

LONDON March 19

The UK's largest bank, HSBC, is considering cutting up to 20,000 jobs over the coming years as part of a major push to integrate artificial intelligence into its operations, Bloomberg reported on Thursday.

The potential reductions would represent approximately 10 percent of the London-based bank's global workforce, which stood at around 210,000 employees at the end of 2025. Non-client-facing roles in global service centers are expected to be most impacted, particularly in middle- and back-office functions that could be automated.

The deliberations are still at an early stage and no final decisions have been made, Bloomberg said, citing sources familiar with the matter. A spokesperson for HSBC has declined to comment on the report.

The bank's chief executive officer, Georges Elhedery, who took the helm in 2024, has already cut thousands of jobs as part of a radical restructuring. The bank recently announced it expects to achieve a US$-1.5 billion cost-savings target in the first half of the year – six months ahead of schedule.

HSBC Chief Financial Officer Pam Kaur said this week that the bank sees significant opportunities to deploy AI in customer service and transaction monitoring to enhance efficiency.

The move comes amid a broader trend across the global banking industry. Last year, a Bloomberg Intelligence report projected that banks could eliminate up to 200,000 positions in the next three to five years as AI takes over tasks currently performed by human workers.

A recent study by the Morgan Stanley investment bank found that British companies had reported an 8 percent net reduction in jobs due to AI over the past year – the highest rate among major economies including Germany, the US, Japan, and Australia, and double the international average. The Institute for Public Policy Research has calculated that 8 million UK jobs are under threat from automation. **RT**

# Two killed, 11 injured in Indian textile factory fire

NEW DELHI March 19

At least two people were killed and 11 others injured Thursday in a devastating fire that gutted a textile embroidery factory in the western Indian state of Gujarat, police said.

The fire broke out in Surat District, about 272 km south of Gandhinagar, the capital city of Gujarat.

"Thirteen labourers were rescued from the spot and rushed to SMIMER hospital," a police official said. "Of them, two were declared dead, and 11 others are undergoing treatment. Of the injured, the condition of some of the workers is stated to be critical."

Police and fire department officials said the fire was triggered by a short circuit and later aggravated by Liquefied Petroleum Gas cylinder explosions.

Authorities said immediately after receiving the distress call, the fire tenders were rushed to the spot to contain the blaze. It took more than three hours for the firefighters to bring the fire under control.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Drinking one glass of milk a day could slash your risk of stroke by 10 percent, experts discover

Drinking just one glass of milk a day could cut the risk of stroke by up to 10 percent, a study suggests, with researchers saying a simple increase in dairy intake may help prevent thousands of cases.

Researchers in Japan found that milk intake of 180 g – an average sized glass – a day was linked to a lower likelihood of stroke in adults aged 30 to 79.

The study, published in the journal Nutrients, modelled what might happen if average milk consumption rose to that level across the population.

Overall, it estimated stroke risk would fall by around seven per cent over a decade, rising to as much as 10.6 percent in some groups.

If current intake levels were maintained, researchers estimated there would be around 1.76 million strokes in Japan over 10 years, including more than 267,000 deaths.

Increasing milk consumption, however, could prevent an estimated 123,618 strokes and 18,721 deaths over the same period.

The researchers said the benefits are likely due to milk's mix of key nutrients, including calcium, potassium and magnesium – minerals that help regulate blood pressure by relaxing blood vessels and improving circulation.

They wrote: 'Milk is a nutrient-dense food and provides multiple micronutrients that influence stroke risk.



A new study has found that drinking one glass of milk per day could reduce the risk of stroke.

'It is the main dietary source of calcium in Japan, which is inversely associated with hypertension and stroke.

'Milk also contains potassium and magnesium, which are associated with a lower stroke risk.'

Researchers did not track real patients drinking more milk.

Instead, they built a 10-year simulation model using Japanese population data for adults aged 30 to 79.

The model compared current dairy intake with a scenario in which milk consumption rose to 180 g a day, the level used to meet Japan's recommended dairy intake, and estimated the effect this might have on stroke cases, stroke deaths and healthcare costs.

They based the projections on existing data on stroke rates, death rates, healthcare spending and previous research linking milk intake with stroke risk.

The study did not differentiate between types of milk.

However, previous research suggests the link with stroke risk may vary by type, with low-fat milk showing a modest benefit while high-fat milk shows no clear protective effect.

However, average milk consumption in Japan remains relatively low, at around 61.8 g per day, suggesting many people may not be getting enough to see these potential benefits, the study's authors added.

The findings come as milk consumption continues to fall in the UK.

In 1974, the average Briton drank around five pints a week – compared with roughly two pints a week today, with around one in ten glasses now replaced by plant-based alternatives.

Experts warn that cutting back on dairy could mean missing out on important nutrients.

Milk is often described as a 'nutrient-dense' food because it delivers a wide range of essential nutrients in a relatively small serving.

It is one of the richest dietary sources of calcium, which is crucial for maintaining strong bones and teeth, as well as supporting normal muscle contraction and nerve signalling.

Getting enough calcium across life is particularly important for reducing the risk of osteoporosis as we age.

It also provides high-quality protein, containing all nine essential amino acids the body cannot make itself.

This makes it especially useful for maintaining muscle mass, supporting recovery after exercise and helping with satiety – meaning it can keep you fuller for longer compared with many low-protein drinks.

Beyond that, milk contains a cluster of vitamins and minerals that play key roles in everyday health.

Vitamin B12 supports the nervous system and red blood cell production, helping to prevent fatigue, while iodine – a nutrient many people are low in – is essential for thyroid function, which regulates metabolism and energy levels.

There is also some evidence that the combination of calcium, potassium and magnesium in milk may help regulate blood pressure by supporting healthy blood vessel function.

**Mail Online**

# Pentagon seeks huge funding for war with Iran: Hegseth

WASHINGTON March 19

U.S. Defence Secretary Pete Hegseth confirmed on Thursday that the Pentagon would ask Congress for more money to wage war in Iran.

"I think that number could move," said Hegseth, who did not deny that the funding may exceed US$-200 billion.

That number would far surpass the costs of the U.S. military campaign against Iran to date and instead seek to urgently increase production of critical weaponry expended as U.S. and Israeli forces have struck thousands of targets across Iran since February 28, The Washington Post reported on Wednesday.

It remains unclear how much the White House will ultimately ask congressional lawmakers to approve, as some White House officials do not think the Defence Department's request has a realistic shot of being approved in Congress, said the report, noting the funding request is likely to trigger a major partisan battle in Congress.

The cost of the U.S. strikes on Iran has rapidly grown, exceeding US$-11 billion in the first week alone, the report said, citing multiple officials.

**Xinhua**

# အမေရိကန်က လျှပ်စစ်မိုးပျံတက္ကစီများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စမ်းသပ်မှုစတင်



အမေရိကန်လေကြောင်းဦးစီးဌာန (FAA) က ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တဲ့ လျှပ်စစ်စွမ်းအင်သုံးမိုးပျံတက္ကစီလေယာဉ်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စမ်းသပ်မယ့် အစီအစဉ်အသစ်တစ်ခုကို စတင်လိုက်ပြီဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ အနာဂတ်မှာ လျှပ်စစ်လေယာဉ်တွေအသုံးပြုပြီး ခရီးသည်တင်ဆောင်ပျံသန်းနိုင်ဖို့ အရေးပါတဲ့ခြေလှမ်းတစ်ခုဖြစ်ကာ လေယာဉ်တွေရဲ့ဘေးကင်းလုံခြုံမှုနဲ့ ပျံသန်းမှုစွမ်းရည်တွေကို အဓိကထားစစ်ဆေးသွားမှာပါ။

မြို့ပြလေကြောင်းသွားလာမှုကဏ္ဍသစ်အတွက် ရည်ရွယ်ပြီးထုတ်လုပ်ထားတဲ့ အဲဒီလေယာဉ်တွေကို ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ပူးပေါင်းကာ လက်တွေ့စမ်းသပ်မှုတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် လေယာဉ်တွေရဲ့ ဆူညံသံပမာဏနဲ့ လေကြောင်းထိန်းသိမ်းမှုစနစ်တွေနဲ့ ချိတ်ဆက်နိုင်စွမ်းကို စတင်စစ်ဆေးဖို့စီစဉ်ထားတာဖြစ်ပါတယ်။ ဒ့ါအပြင် ကုန်စည်ပို့ဆောင်နိုင်မှုအခြေအနေ၊ ဆေးဘက်ဆိုင်ရာတုံ့ပြန်နိုင်မှုအခြေအနေ၊ မောင်းသူမဲ့ပျံသန်းနိုင်မှုအခြေအနေတွေကိုပါ စမ်းသပ်သွားမှာပါ။

ဒီစမ်းသပ်မှုကနေရရှိတဲ့အချက်အလက်တွေကိုကြည့်ပြီး အနာဂတ်လေကြောင်းတက္ကစီ ဝန်ဆောင်မှုတွေအတွက်လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ပေးမှာဖြစ်ပြီး သယ်ယူပို့ဆောင်ရေးမှာ လျှပ်စစ်စွမ်းအင်သုံးလေယာဉ်တွေကို စီးပွားဖြစ်အသုံးပြုနိုင်ဖို့အတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်လာမှာပါ။ **Ref: IE**

**ကိုထက်**

# ခါးပတ်လည်အဆီစုခြင်းက နှလုံးပျက်စီးနိုင်ခြေကို ပိုမိုမြင့်တက်စေနိုင်

လူတစ်ယောက်က ကိုယ်အလေးချိန်ပုံမှန်ရှိနေရင်တောင် ဗိုက်ပူတာ ဒါမှမဟုတ် ခါးပတ်လည်မှာ အဆီစုနေခြင်းက နှလုံးပျက်စီးနိုင်ခြေကို ပိုမိုမြင့်မားစေတယ်လို့ အမေရိကန်နှလုံးရောဂါဆိုင်ရာအဖွဲ့အစည်းရဲ့ ၂၀၂၆ ခုနှစ် သုတေသနအသစ်မှာ ဖော်ပြထားပါတယ်။ ခန္ဓာကိုယ်ထုထည်အညွှန်းကိန်း (BMI) ထက် ခါးအတိုင်းအတာ ပိုကြီးနေတာက နှလုံးကျန်းမာရေးအတွက် ပိုပြီးအန္တရာယ်ရှိနေတယ်ဆိုတာကို လေ့လာတွေ့ရှိခဲ့တာပါ။

အဓိကအကြောင်းရင်းကတော့ ဝမ်းဗိုက်ထဲကအဆီတွေကြောင့် ခန္ဓာကိုယ်အနှံ့မှာ ရောင်ရမ်းမှုတွေဖြစ်လာပြီး အဲဒီရောင်ရမ်းမှုက နှလုံးကိုထိခိုက်စေတာဖြစ်ပါတယ်။ ဒီရောင်ရမ်းမှုဟာနှလုံးပျက်စီးနိုင်ခြေရဲ့ သုံးပုံတစ်ပုံလောက်အထိ သက်ရောက်မှုရှိနေတယ်လို့ဆိုပါတယ်။ အခုထွက်ပေါ်လာတဲ့ ဒီသုတေသနအရ သွေးထဲမှာ ရောင်ရမ်းမှုအညွှန်းကိန်းမြင့်မားတဲ့သူတွေဟာ နှလုံးရောဂါဖြစ်ဖို့ ပိုပြီးနီးစပ်နေတာကို တွေ့ရပါတယ်။

ဒါကြောင့် ဆရာဝန်တွေအနေနဲ့ ကိုယ်အလေးချိန် တစ်ခုတည်းကိုပဲမကြည့်ဘဲ လူနာရဲ့ ခါးအတိုင်းအတာနဲ့ ရောင်ရမ်းမှုအခြေအနေကိုပါ စစ်ဆေးဖို့ အရေးကြီးလာတာပါ။ အခုလို ခါးပတ်လည်အဆီနဲ့ ရောင်ရမ်းမှုကို စောစောစီးစီးသိရှိပြီး ထိန်းချုပ်နိုင်မယ်ဆိုရင် နှလုံးရောဂါလက္ခဏာတွေ မပြခင်ကတည်းက ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**



# အမေရိကန်က ကျောပိုးအိတ်ထဲထည့်သယ်သွားနိုင်တဲ့ အသေခံဒရုန်းတွေကို အရှိန်အဟုန်မြင့်ထုတ်လုပ်ဖို့ပြင်ဆင်နေ

အမေရိကန်လေတပ်က အထူးစစ်ဆင်ရေးတပ်ဖွဲ့တွေအတွက် ကျောပိုးအိတ်ထဲထည့်ပြီး သယ်ဆောင်သွားနိုင်တဲ့ အသေခံတိုက်ခိုက်ရေးဒရုန်းတွေကို အရှိန်အဟုန်မြင့်ထုတ်လုပ်ဖို့ ပြင်ဆင်နေပါတယ်။ ဒီဒရုန်းတွေဟာ ပေါ့ပါးပြီး အဝေးထိန်းစနစ်နဲ့ တိုက်ရိုက်ကြည့်ရှုမောင်းနှင်နိုင်တဲ့ (FPV) စနစ်သုံးဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ရှေ့တန်းက စစ်သည်တွေအနေနဲ့ ရန်သူ့ပစ်မှတ်တွေကို တိတိကျကျနဲ့ လျင်လျင်မြန်မြန် တိုက်ခိုက်နိုင်ဖို့ ဖြစ်ပါတယ်။



ဒီဒရုန်းစနစ်တစ်ခုလုံးကို လူနှစ်ယောက်က ကျောပိုးအိတ်ထဲထည့်သယ်ဆောင်နိုင်မှာဖြစ်ပြီး စုစုပေါင်းအလေးချိန် ပေါင် ၃၀ အောက်ပဲ ရှိမှာပါ။ နောက်ပိုင်းမှာတော့ တစ်ယောက်တည်း သယ်နိုင်တဲ့ ၁၀ ပေါင်ဝန်းကျင်အထိလျှော့ချဖို့ ရည်မှန်းထားပါတယ်။ ဒီဒရုန်းတွေဟာ အနည်းဆုံး ၆ မိုင်ကနေ ၁၂ မိုင်ကျော်အထိ ပျံသန်းတိုက်ခိုက်နိုင်မှာဖြစ်ပြီး ၃ မိနစ်အတွင်း အသင့်ပြင်ပစ်လွှတ်နိုင်မှာပါ။ ဒရုန်းမှာ တပ်ဆင်မယ့် ဗုံးသီးဟာ ၃ ပေါင်ကနေ ၆ ပေါင်ကျော်အထိအလေးချိန်ရှိပြီး ရန်သူ့စစ်သည်တွေနဲ့ ပေါ့ပါးတဲ့ စစ်သုံးယာဉ်တွေကို ဖျက်ဆီးပစ်နိုင်တဲ့ စွမ်းအားရှိတဲ့အပြင် GPS စနစ်နှောင့်ယှက်ခံရရင်တောင် 4G သို့မဟုတ် 5G ဖုန်းလိုင်းကွန်ရက်တွေကို အသုံးပြုပြီး ဆက်လက်ပျံသန်းနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# စက်ရုပ်တွေက လူ့ဦးနှောက်ရဲ့ အချက်ပြလှိုင်းတွေကိုဖတ်ပြီး အမှားမဖြစ်ခင် ကြိုတင်တားဆီးပေးနိုင်



စက်ရုပ်တွေက လူ့ဦးနှောက်ရဲ့ အချက်ပြလှိုင်းတွေကိုဖတ်ပြီးမမှားခင် ကြိုတင်သိရှိတားဆီးပေးနိုင်တဲ့ နည်းပညာအသစ်တစ်ခုကို အိုကလာဟိုးမားတက္ကသိုလ်မှ သုတေသီတွေကဖော်ထုတ်လိုက်ပြီဖြစ်ပါတယ်။ ဒီနည်းပညာဟာ စက်ရုပ်တွေအနေနဲ့ လူ့ဗီဇစိတ်အာရုံကို တိုက်ရိုက်နားလည်ပြီး တုံ့ပြန်နိုင်အောင် ဖန်တီးထားတာပါ။ ပုံမှန်အားဖြင့် စက်ရုပ်တွေဟာ တစ်ခုခုနဲ့ တိုက်မိမှ ဒါမှမဟုတ် အမှားဖြစ်သွားမှသာ သိတတ်ကြတာဖြစ်ပေမယ့် အခုစနစ်မှာတော့ ဦးနှောက်နဲ့ ကွန်ပျူတာချိတ်ဆက်တဲ့စနစ်ကို အသုံးပြုထားပါတယ်။

လူတစ်ယောက်ဟာ အမှားတစ်ခုခုကို မြင်လိုက်တာနဲ့ ဒါမှမဟုတ် အမှားဖြစ်တော့မယ်လို့ ခံစားလိုက်ရတာနဲ့ ဦးနှောက်ထဲမှာ ErrPs လို့ခေါ်တဲ့ လျှပ်စစ်လှိုင်းတွေ ချက်ချင်းထွက်ပေါ်လာတာပါ။ ဒီလှိုင်းတွေဟာ လူက မတုံ့ပြန်ခင်မှာတင် ဦးနှောက်ထဲမှာအရင်ဆုံးဖြစ်ပေါ်တာဖြစ်လို့ သုတေသီတွေက အဲဒီအချက်ပြလှိုင်းတွေကိုဖမ်းယူပြီး စက်ရုပ်ဆီကိုပေးပို့ပါတယ်။ အဲဒီအခါစက်ရုပ်ဟာ အမှားမဖြစ်ခင်မှာတင် အရှိန်လျှော့တာ၊ ရပ်တန့်တာ၊ လူကိုပြန်ပြီးထိန်းချုပ်ခိုင်းတာတွေ လုပ်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ကမ္ဘာ့အမြန်ဆုံးလူသားရဲ့အပြေးစံချိန်ကို ကျော်ဖြတ်နိုင်တော့မယ့် တရုတ်နိုင်ငံထုတ် လူတူစက်ရုပ်များ

တရုတ်နိုင်ငံထုတ် လူတူစက်ရုပ်တွေဟာ ကမ္ဘာ့ကျော် အပြေးချန်ပီယံ အူစိန်ဘော့ရဲ့ စံချိန်ကိုကျော်တက်ပြီး ကမ္ဘာ့အမြန်ဆုံး အပြေးစံချိန်သစ် တင်နိုင်တော့မယ်လို့ ယူနီထရီးစက်ရုပ်ကုမ္ပဏီတည်ထောင်သူ ဝမ်ရှင်းရှင်းက ပြောပါတယ်။ လက်ရှိမှာတော့ စက်ရုပ်တွေက လူသားတွေရဲ့အပြေးနှုန်းကိုမမီသေးပေမယ့် နည်းပညာတိုးတက်မှုတွေကြောင့် အဲဒီကွာဟချက်ဟာ အလွန်ကျဉ်းမြောင်းလာနေပြီဖြစ်ပါတယ်။



ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက ရှန်ဟိုင်းအခြေစိုက်ကုမ္ပဏီတစ်ခုဟာ “Bolt” လို့ အမည်ပေးထားတဲ့ လူသားအရွယ်အစားတူ စက်ရုပ်တစ်ရုပ်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ အဲဒီစက်ရုပ်ဟာ တစ်စက္ကန့်ကို ၁၀ မီတာနှုန်းအထိပြေးနိုင်စွမ်းရှိပြီး ဒါဟာ လူသားတွေရဲ့ ကမ္ဘာ့စံချိန်တင်ပျမ်းမျှအမြန်နှုန်း ၁၀ ဒသမ ၄ မီတာနဲ့ အတော်လေးနီးစပ်နေတာပါ။ လာမယ့်လအနည်းငယ်အတွင်းမှာပဲ တရုတ်စက်ရုပ်တွေဟာ မီတာ ၁၀၀ အပြေးပြိုင်ပွဲမှာ ၁၀ စက္ကန့်အောက် စံချိန်နဲ့လူသားတွေကိုကျော်တက်သွားနိုင်တယ်လို့ ဝမ်ရှင်းရှင်းက ခန့်မှန်းထားပါတယ်။ ဒါပေမဲ့စက်ရုပ်တွေအတွက် အကြီးမားဆုံးစိန်ခေါ်မှုကတော့ အမြန်နှုန်းတင်မကဘဲ မတူညီတဲ့မြေမျက်နှာပြင်တွေမှာ ဟန်ချက်ညီညီ ပြေးနိုင်ဖို့ဖြစ်တယ်လို့ ပညာရှင်များက ပြောထားပါတယ်။ **Ref: IE**

**ကိုထက်**

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

➢ အီရန်နိုင်ငံနှင့် ဖြစ်ပွားလျက်ရှိသော စစ်ပွဲအတွက်အသုံးပြုရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော် ပိုမိုသုံးစွဲခွင့် ပြုရေး ပင်တဂွန်စစ်ဌာနချုပ်က တောင်းဆိုထားကြောင်း Washington Post သတင်းစာတွင် ဖော်ပြထားသည်။ အဆိုပါ ရန်ပုံငွေပမာဏသည် လက်ရှိအသုံးပြုနေသည့် ကုန်ကျစရိတ်ထက် များစွာသာလွန်နေပြီး အမေရိကန်လွှတ်တော်အတွင်း ပြင်းထန်သောကန့်ကွက်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

➢ အီရန်နိုင်ငံအနေဖြင့် ကာတာနိုင်ငံကို ထပ်မံတိုက်ခိုက်ပါက အီရန်ပိုင်ဆောက်ပါး သဘာဝဓာတ်ငွေ့လုပ်ကွက်တစ်ခုလုံးကို အမေရိကန်က အပြင်းအထန်ဗုံးကြဲဖျက်ဆီးပစ်မည်ဟု သမ္မတထရမ့်က သတိပေးလိုက်သည်။ ပါရှန်းပင်လယ်ကွေ့အတွင်း အီရန်ပိုင်ဆိုင်သည့် ဆောက်ပါးသဘာဝဓာတ်ငွေ့လုပ်ကွက်ကို အစ္စရေးက တိုက်ခိုက်ခဲ့ပြီးနောက် အီရန်က ကာတာ၏ သဘာဝဓာတ်ငွေ့ရည် (LNG) စက်ရုံများကို ပြန်လည်တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှုကြောင့် ကာတာရှိ စက်ရုံများတွင် မီးလောင်မှုနှင့် ပျက်စီးဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်ခဲ့သည်။

➢ အမေရိကန်ပြည်ထောင်စုအတွင်း မြင့်တက်နေသော စွမ်းအင်စရိတ်များကို လျှော့ချရန်နှင့် စက်သုံးဆီအပါအဝင် အခြားအရင်းအမြစ်များ လွတ်လပ်စွာစီးဆင်းနိုင်ရန် ရာစုနှစ်တစ်ခုကြာကျင့်သုံးခဲ့သည့် Jones Act ဥပဒေကို သမ္မတထရမ့်က ယာယီဆိုင်းငံ့ပေးလိုက်သည်။ အဆိုပါဥပဒေအရ အမေရိကန်ဆိပ်ကမ်းတစ်ခုမှတစ်ခုသို့ ကုန်စည်ပို့ဆောင်ရာတွင် အမေရိကန်၌တည်ဆောက်ပြီး အမေရိကန်နိုင်ငံသားများပိုင်ဆိုင်သည့် သင်္ဘောများကိုသာအသုံးပြုရန် ကန့်သတ်ထားခြင်းဖြစ်သည်။ ယခုဥပဒေကို ဖြေလျှော့ပေးလိုက်ခြင်းကြောင့် နိုင်ငံခြားအလံတင်သင်္ဘောများသည်လည်း ပင်လယ်ကွေ့ကမ်းရိုးတန်းမှ အရှေ့မြောက်ပိုင်းဒေသဆိပ်ကမ်းများသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်(LNG) များ သယ်ယူပို့ဆောင်ခွင့် ရရှိသွားမည်ဖြစ်သည်။

➢ အမေရိကန်တပ်ဖွဲ့များသည် အီရန်ရှိ ပစ်မှတ်ပေါင်း ၇၈၀၀ ကျော်ကို တိုက်ခိုက်ခဲ့ပြီးဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်(CENTCOM )က ထုတ်ပြန်ထားသည်။ ထို့ပြင် ယင်းတိုက်ခိုက်မှုများအတွင်း အီရန်ရေတပ်ပိုင်သင်္ဘောအစင်း ၁၂၀ ကျော်ကိုလည်း ထိမှန်ပျက်စီးစေခြင်း သို့မဟုတ် အပြီးတိုင်ဖျက်ဆီးခြင်းတို့ကိုပြုလုပ်နိုင်ခဲ့သည်ဟု CENTCOM က ဆိုသည်။ ထိုသို့အထိအခိုက်အပျက်အစီးများပြားမှုကြောင့် အီရန်၏တုံ့ပြန်နိုင်စွမ်းအပေါ် သက်ရောက်မှုရှိလာနိုင်သည်ဟု သိရသည်။ **Ref: Xinhua, RT**

## ထိုင်းနိုင်ငံ၏ ၃၂ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် အနူတင်ချန်ဝီရာကူ ထပ်မံရွေးကောက်တင်မြှောက်ခံရ



ဘန်ကောက်၊ ပြည်တွင်းရေး

ပွမ်ဂျေထိုင်းပါတီမှ အနူတင်ချန်ဝီရာကူသည် ထိုင်းနိုင်ငံ၏ ၃၂ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရကြောင်းသိရသည်။ အောက်လွှတ်တော်က မတ်လ ၁၉ ရက်တွင်ကျင်းပသော အစည်းအဝေး၌ ချန်ဝီရာကူက လွှတ်တော်အမတ်များ၏ထောက်ခံမဲအများစုဖြင့် ဝန်ကြီးချုပ်အဖြစ်ထပ်မံရွေးကောက်ခံရခြင်းဖြစ်သည်။

ဖေဖော်ဝါရီလတွင်ကျင်းပသော ရွေးကောက်ပွဲ၌ အမတ်နေရာအများဆုံးဖြင့် အနိုင်ရရှိခဲ့သည့် ပွမ်ဂျေထိုင်းပါတီသည် ဖျူထိုင်းပါတီနှင့် အခြားပါတီငယ်များဖြင့် မဟာမိတ်အစိုးရကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယခုပြုလုပ်သည့် မဲပေးရွေးချယ်မှုတွင် ချန်ဝီရာကူသည် ထောက်ခံမဲ ၂၉၃ မဲရရှိပြီး ပြိုင်ဘက်ပြည်သူ့ပါတီခေါင်းဆောင်နတ်သာဖောင်ရောပန်ညာဝပ်က ၁၁၉ မဲရရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌဆိုဖွန်ဇာရမ်က ကြေညာသည်။ ထို့နောက်ချန်ဝီရာကူက လွှတ်တော်၌မိန့်ခွန်းပြောရာ ၎င်းအနေဖြင့် ကိုယ်စားလှယ်များအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏အကျိုးစီးပွားကိုသာ ဖော်ဆောင်သွားမည်ဟုပြောသည်။

အနူတင်ချန်ဝီရာကူသည် ပြီးခဲ့သည့်နှစ်စက်တင်ဘာလကတည်းက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသူဖြစ်ပြီး ဒီဇင်ဘာလတွင် အတိုက်အခံများ၏ အယုံအကြည်မရှိအဆိုတင်သွင်းရန် ကြိုးပမ်းမှုကြောင့် လွှတ်တော်ကိုဖျက်သိမ်းကာ ရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။ ၎င်းသည် ကျန်းမာရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး တာဝန်များကိုလည်း ထမ်းဆောင်ဖူးကြောင်းသိရသည်။

**Ref: Xinhua**

## အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ အီးဒ်ပွဲတော်ကာလအတွင်း ယာယီအပစ်အခတ်ရပ်ရန် ကြေညာ

ကဘူး၊ စစ်ရေး

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အီးဒ်ပွဲတော်ကာလအတွင်း နှစ်နိုင်ငံအကြား ယာယီအပစ်အခတ်ရပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ အာဖဂန်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပွဲတော်ကျင်းပရာကာလအတွင်း ပါကစ္စတန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုများရပ်ဆိုင်းထားမည်ဟု လူမှုကွန်ရက်မှတစ်ဆင့် အသိပေးခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပါကစ္စတန် ပြန်ကြားရေးဝန်ကြီး အာတာအူလာတာရာကလည်း ပွဲတော်ကာလတွင် အာဖဂန်နစ္စတန်အပေါ် တိုက်ခိုက်မှုများကို ရပ်တန့်ထားမည်ဟုထုတ်ပြန်ထားသည်။ အဆိုပါ စစ်ရေးအရ တိုက်ခိုက်မှုရပ်ဆိုင်းခြင်းကို မတ်လ ၁၈ ရက် သန်းခေါင်ယံအချိန်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း တာရာကဆိုသည်။ ယခုအပစ်အခတ်ရပ်စဲမှုသည် ပွဲတော်ကာလအတွင်း နယ်စပ်ဒေသ တည်ငြိမ်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။

**Ref: Xinhua**

## အရှေ့အလယ်ပိုင်းဒေသတင်းမာမှုများကြောင့် ဥရောပ၌ ဓာတ်ငွေ့နှင့်ရေနံဈေးနှုန်း မြင့်တက်လာ



လန်ဒန်၊ စွမ်းအင်

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ ပိုမိုမြင့်တက်လာပြီး ကာတာနှင့်အီရန်နိုင်ငံတို့ရှိ စွမ်းအင်အခြေခံအဆောက်အဦများတိုက်ခိုက်ခံရမှုကြောင့် မတ်လ ၁၉ ရက်နံနက်ပိုင်းတွင် ဥရောပဒေသ၌ ဓာတ်ငွေ့နှင့် ရေနံဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်။ ဥရောပဓာတ်ငွေ့ဈေးကွက်၏ အဓိကအညွှန်းကိန်းဖြစ်သော Dutch TTF သည် ဈေးကွက်ဖွင့်ချိန်တွင် ၁ မဂ္ဂါဝပ်နာရီလျှင် ၇၀ ဒသမ ၇ ယူရိုအထိ ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီးနောက် ၆၇ ယူရိုဝန်းကျင်သို့ပြန်ကျသွားသည်။ ထိုဈေးနှုန်းသည်ပဋိပက္ခမဖြစ်ပွားမီကရှိခဲ့သည့် ၃၂ ယူရိုဝန်းကျင်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော်မြင့်တက်လာခြင်းဖြစ်သည်။

ဗြိတိန်တွင်လည်း ဓာတ်ငွေ့လက်ကားဈေးနှုန်းမှာ တစ်သမ်လျှင် ပန့် ၁၈၀ အထိမြင့်တက်ပြီးနောက် ၁၇၁ ပန့်ဝန်းကျင်တွင် တည်ငြိမ်နေကာ တစ်ရက်အတွင်း ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ကမ္ဘာ့ရေနံအညွှန်းကိန်းဖြစ်သော ဘရန့်ရေနံစိမ်းဈေးနှုန်းသည်လည်း တစ်စည်လျှင် ၁၁၆ ဒေါ်လာအထက်သို့ ရောက်ရှိလာခဲ့သည်။ ထို့ပြင် အပူပေးဆီဈေးနှုန်းများမှာလည်း ၇ ရာခိုင်နှုန်းကျော်မြင့်တက်ကာ တစ်ဂါလန်လျှင် ၄ ဒသမ ၅ ဒေါ်လာဝန်းကျင်ရှိလာသည်။ ကမ္ဘာ့စွမ်းအင်ထောက်ပံ့မှုအပေါ် စိုးရိမ်ပူပန်မှုများကြောင့် စွမ်းအင်ဈေးနှုန်းများ ယခုကဲ့သို့ ဆက်တိုက်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

## ဟော်မုဇရေလက်ကြား၌ အမေရိကန်၏မဟာမိတ် အဖွဲ့သို့မပူးပေါင်းရန် ရုရှားသတိပေး

မော်စကို၊ နိုင်ငံရေး

ဟော်မုဇရေလက်ကြားရှိသင်္ဘောများကို အစောင့်အရှောက်ပေးရန် အမေရိကန်က ကမ်းလှမ်းထားသည့် မဟာမိတ်အဖွဲ့တွင် ပူးပေါင်းပါဝင်ခြင်းမပြုရန်နှင့် ပါဝင်သောနိုင်ငံများသည် အီရန်အပေါ် အမေရိကန်နှင့် အစ္စရေးတို့၏ကျူးကျော်မှုတွင် ကြံရာပါများဖြစ်လာမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက မတ်လ ၁၈ ရက်တွင်သတိပေးစကားပြောသည်။

ဟော်မုဇရေလက်ကြား၌ ရေကြောင်းသွားလာမှု ပြန်လည်ကောင်းမွန်စေရန် ဆွေးနွေးပွဲစားပွဲဝိုင်းတွင်သာ အဖြေရှာရမည်ဖြစ်ကြောင်း ရုရှား၏ရပ်တည်ချက်ကို ၎င်းက ထပ်လောင်းပြောဆိုခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့ရေနံ ၅ ပုံ ၁ ပုံခန့် ဖြတ်သန်းရာ ထိုရေလက်ကြားသို့ စစ်သင်္ဘောများစေလွှတ်ရန် မဟာမိတ်များကို တိုက်တွန်းထားသော်လည်း နိုင်ငံအများစုက ငြင်းပယ်ထားသည်။ အစ္စရေးနှင့် အမေရိကန်တို့ပူးပေါင်း၍ အီရန်နိုင်ငံအပေါ်တိုက်ခိုက်မှုများလုပ်ဆောင်ရာ အီရန်ကလည်း အရှေ့အလယ်ပိုင်းရှိ အမေရိကန်နှင့် အစ္စရေးတို့၏စစ်စခန်းများကို ဒုံးကျည်များ၊ ဒရုန်းများဖြင့်ပြန်လည်တိုက်ခိုက်သည့်အပြင် ၎င်းတို့ထိန်းချုပ်ထားသော ဟော်မုဇရေလက်ကြားကိုပါ ပိတ်ထားခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**



# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** — ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရှုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** — တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** — စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** — ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** — ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** — ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** — တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** — စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** — ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** — ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** — ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** — တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** — စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** — ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** — ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** — တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** — စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** — ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** — ပထမဆု
မနော်ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** — ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** — တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** — စတုတ္ထဆု
မောင်အေးချမ်း(ခနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** — ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** — ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** — တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** — စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** — ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** — ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** — ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** — တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** — စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** — ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** — ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** — ဒုတိယဆု
ခန့်ပိုင်


၃။ **မလေးမောင်ချစ်မငြိုးနိုင်** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** — စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌** — ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပေါက်ခေါင်းမြို့နယ်၌ မြေပဲ ၃၂၃၄ ဧကရိတ်သိမ်းပြီးစီး



ပေါက်ခေါင်း မတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးထားသော ဆောင်းမြေပဲ ၃၂၃၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်အတွင်း၌ စိုက်ဧကများစွာရှိသည့်အပြင် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိသည့်အတွက် သီးနှံမျိုးစုံ စိုက်ပျိုးရာ ယခုနှစ်ဆောင်းရာသီတွင် စိုက်ပျိုးထားခဲ့သော ဆင်းပဒေသာ(၁၁)၊ တွန်တာနီနှင့် ဗီယက်နမ် စသည့်ဆောင်းမြေပဲမျိုးကွဲများကို လျာထားဧကကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့သည်။

ပေါက်ခေါင်းမြို့နယ်၌ ဆောင်းမြေပဲ ၃၂၃၄ ဧကကိုရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၈၀ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ၂၆၀၂၇၂ တင်းထွက်ရှိသည်။

မြေပဲစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ခြင်းဖြင့် ဒေသတွင်းစားသုံးဆီဖူလုံမှုရှိစေမည်ဖြစ်သောကြောင့် စိုက်နည်းစနစ်မှန်ကန်ရေးနှင့်မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## စာဖတ်ရှုနိုင်မြင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

နတ်မောက် မတ် ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန်၊ ကာယ၊ ဗလ၊ ဉာဏ၊ စာရိတ္တနှင့်မိတ္တဟူသောဗလငါးတန်နှင့်ပြည့်စုံစေရန်နှင့် စာဖတ်ရှုနိုင်မြင့်တင်ရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ်လ ၁၉ ရက် နံနက်ပိုင်းတွင် နတ်မောက်မြို့ရှိ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က လူငယ်နှင့် စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်လူမှုကွန်ရက်ကို အကျိုးရှိစွာအသုံးပြုရေး စသည့်အကြောင်းအရာများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများကခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ မြို့နယ်စာကြည့်တိုက်ရှိ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်း၊ စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်းနှင့်စာဖတ်ရှုနိုင်မြင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ပေးကြောင်းသိရသည်။

လှဝင်း

# သံချည်သံကွေး (မွမ်းမံ)သင်တန်းနှင့် လေအေးပေးစက် တပ်ဆင်ပြုပြင်ခြင်းသင်တန်းဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး



ရန်ကုန် မတ် ၁၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာတာဝန်ရှိသူများနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ သံချည်သံကွေး (မွမ်းမံ)သင်တန်းနှင့် လေအေးပေးစက် တပ်ဆင်၊ ပြုပြင်ခြင်းသင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက သင်တန်းသားများအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများသည် နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အညီ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိရာ သင်ယူမှုအခွင့်အလမ်းရရှိချိန်တွင် လုပ်ငန်းဆိုင်ရာ စာတွေ့အသိပညာများ၊ လက်တွေ့လုပ်ငန်းလုပ်ဆောင်မှုနည်းစနစ်များကို သေချာစွာတတ်ကျွမ်းသိရှိစေရေး လုံ့လစိုက်ထုတ်၍ သင်ယူလေ့လာဆောင်ရွက်ကြရန်၊ သင်တန်းကာလအတွင်း နည်းပြဆရာများ၏ ပို့ချသင်ကြားမှုများကို စိတ်အားထက်သန်စွာ မှတ်သားနာယူကြရန်၊ မိမိတို့သိရှိလိုသည်များကို ပွင့်လင်းစွာ မေးမြန်းဆွေးနွေးရန်၊ နည်းပညာဆိုင်ရာ Web Portal များ၊ Facebook၊ YouTube စသည့် လူမှုကွန်ရက်များရှိ ပညာရပ်ဆိုင်ရာအချက်အလက်များကို လေ့လာသင်ယူရန် တစ်ဦးချင်းစီ၏စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

သင်တန်းကျောင်းတာဝန်ခံနှင့် နည်းပြများအနေဖြင့် သင်တန်းသားများ အမှန်တကယ်ကျွမ်းကျင်မှုရှိစေရေး၊ သင်တန်း၏ အရည်အသွေးအာမခံချက်ကောင်းမွန်ရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်တိုးတက်ရရှိစေရေးတို့အတွက် အလေးထားသင်ကြားပို့ချရန်၊ နည်းပညာတိုးတက်ပြောင်းလဲမှုများအရ ဈေးကွက်လိုအပ်ချက်များသော အဆင့်မြင့်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျေးလက်ဒေသရှိလူငယ်များလက်လှမ်းမီနိုင်ရေး ရွေ့လျားသင်တန်းများကို စီစဉ်ဖွင့်လှစ်ရန်နှင့် အရည်အသွေးပြည့်မီသောသင်တန်းများ စဉ်ဆက်မပြတ်ပို့ချရန်မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မော်လမြိုင်တက္ကသိုလ်အား ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက မော်လမြိုင်တက္ကသိုလ် သုတေသနစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်းများ အမြန်တပ်ဆင်အသုံးပြုရန်မှာကြားသည်။

ထို့နောက် အပန်းဖြေရိပ်သာတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ရက်အတွင်းအချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ပေးရန်တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် စာကြည့်တိုက်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီးက Journal of the Burma Research Society (JBRS) ကို ၁၉၁၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ထုတ်ဝေခဲ့သည့်သမိုင်းကိုထောက်ရှုလျက် မြန်မာနိုင်ငံတွင် အရည်အသွေးရှိသောသုတေသနဂျာနယ်များ ထုတ်ဝေဖြန့်ချိရန်လိုအပ်ကြောင်း၊ စာအုပ်ကောင်းများ မပျောက်ပျက်အောင်ထိန်းသိမ်းရန်နှင့် လွယ်လင့်တကူ ငှားရမ်းဖတ်ရှုနိုင်ရေးအားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင်၌ ဘာသာရပ်ဌာန ဆရာ၊ ဆရာမများအား တွေ့ဆုံ၍နှုတ်ဆက်အားပေးပြီး လက်တွေ့ခန်းများကိုစစ်ဆေးကာ ဒုတိယဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအသုံးပြုသော လက်တွေ့ခန်းသုံးပစ္စည်းများ ခေတ်နှင့်လျော်ညီစေရေးနှင့် ကျောင်းသားတိုင်းကိုင်တွယ်အသုံးပြုတတ်အောင် လေ့ကျင့်ပေးနိုင်ရန်အတွက် ဖြည့်တင်းပေးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကာ ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မြဝတီ**



➤ **ကျောဖုံးမှအဆက်**

လေ့ကျင့်ခဲ့ပါတယ်။ အခုဆို မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်က သဲကွင်းအသစ်ဖော်ဆောင်ပေးထားပါတယ်။ သဲကွင်းရောက်တော့လည်း မနက်နဲ့ညနှစ်ကြိမ်ခွဲလေ့ကျင့်နေကြပါတယ်။ သဲကွင်းမှာကျတော့ သဲကိုရုန်းရတာတို့၊ လေတိုက်တာတို့ရှိတဲ့အတွက် ပိုပင်ပန်းပါတယ်။ ဒီပြိုင်ပွဲမှာ အကောင်းဆုံးဖြစ်အောင်ကစားသွားမှာပါ။ ဆီးဂိမ်းမှာရရှိခဲ့တဲ့ဆုတံဆိပ်တွေကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံအတွက်အာရှအဆင့် ဆုတံဆိပ်တွေရရှိအောင်အများကြီးပိုကြိုးစားနေပါတယ်”ဟု လက်ရွေးစင်ကစားသမားတစ်ဦးကပြောသည်။

အဆိုပါ အာရှသဲသောင်ပြင်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်းအနေဖြင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲသုံးမျိုးအတွက် ကစားသမားခြောက်ဦးရွေးချယ်ထားပြီး ယင်းကစားသမားများအား ပြည်တွင်းနည်းပြများအပြင် ဆီးဂိမ်းပြိုင်ပွဲတွင် အတူလက်တွဲခဲ့သည့်ထိုင်းနည်းပြကိုပါ ငှားရမ်းသင်ကြားပေးလျက်ရှိကြောင်း၊ အာရှပြိုင်ပွဲဖြစ်၍ အင်အားကြီးပြိုင်ဘက်အသင်းများ ပါဝင်လာမည်ဖြစ်ရာ ဆုတံဆိပ်များရရှိရေး အစွမ်းကုန် ကြိုးစားလေ့ကျင့်လျက်ရှိကြောင်းသိရသည်။

**ဝန်းရံခ**

➜ **ပွင့်ဖြူမြို့နယ်မှ**

ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ မတ်ပဲ ၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီမတ်ပဲစိုက်ခင်းတွေကို ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းခဲ့ရာ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ မြေဩဇာတွေကိုလည်းစနစ်တကျသုံးစွဲကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးတောင်သူများကို သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ မြေဩဇာနှင့်သွင်းအားစုများ မှန်မှန်ကန်ကန်သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းများတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ထံမှသိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မဟာဗုဒ္ဓဝင်နှင့်(၃၈)ဖြာမင်္ဂလာယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း(၁/၂၀၂၆)ဖွင့်လှစ်

ပဲခူး မတ် ၁၉

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ပဲခူးတိုင်းဒေသကြီးက ကြီးမှူးပြီး ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ စစ်မှူထမ်းဟောင်းအိမ်ရာရှိ သင်တန်းဓမ္မာရုံ၌ မဟာဗုဒ္ဓဝင်နှင့် (၃၈)ဖြာမင်္ဂလာယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

သင်တန်းတွင်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးလှတင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားကာ သင်တန်းဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား မတ်လ ၁၈ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀°c | / | ၃၇°c |
| ရန်ကုန် | ၂၂°c | / | ၃၇°c |
| မန္တလေး | ၂၁°c | / | ၃၈°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၁၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဇလ)

# ချမ်းအေးသာစံမြို့နယ်၌ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း သင်တန်းဖွင့်လှစ်

**မန္တလေး မတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကြီးမှူး၍ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ မတ်လ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဦးက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစံလင်းက မသန်စွမ်းသူများ အတွက် ဆောင်ရွက်ချက်များကိုပြောကြား ပြီး မန္တလေးတိုင်းဒေသကြီး မသန်စွမ်း သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ကွန်ကရစ်ဘောင်ခတ်မြေရောကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**ရေကြည် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွင်းလျားကျေးရွာအုပ်စု အုန်းပင်စု ကျေးရွာ၌ ကွန်ကရစ်ဘောင်ခတ်မြေရော ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ်လ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုန်းပင်စုကျေးရွာ၌ ကွန်ကရစ်ဘောင်ခတ်မြေရောကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါအုန်းပင်စုကျေးရွာ၌ ဆောင်ရွက်ပြီး မြေရောကျောက်လမ်းမှာ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၃ ပေ၊ ထု ၄ ဒသမ ၅ လက်မရှိပြီး VDP စီမံကိန်း ပံ့ပိုးငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေ ငွေကျပ် သိန်း ၂၉၀ စုစုပေါင်း ငွေကျပ် သိန်း ၄၄၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြော

**မန္တလေး မတ် ၁၉**

အနာဂတ်၏ သားကောင်းရတနာများဖြစ်ကြသည့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိနားလည်ပြီး ရှောင်ကြဉ်နိုင်စေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာအသိပညာ ပေးဟောပြောပွဲကို မတ်လ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်များသည် နိုင်ငံ၏ အားကိုးအားထားပြုရမည့် အင်အားစုများဖြစ်ကြောင်း၊ လက်ရှိကာလတွင် ခေတ်မီဆန်းသစ်လာသော မူးယစ်ဆေးဝါးများက လူ့ပတ်ဝန်းကျင်တွင် ပုံစံအမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်နေသဖြင့် အထူးဂရုပြုရန်လိုကြောင်း၊ မူးယစ်ဆေးဝါးသည် လူတစ်ယောက်၏အသက်ကို ဆုံးရှုံးစေရုံသာမက လူသားမျိုးနွယ်ကိုပါ ပျက်သုဉ်းစေသောအင်အားကြီး အဖျက်သမားပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိဖြစ်စေနိုင်သောကြောင့် မူးယစ်ဆေးဝါးကို အသုံးမပြုမိအောင် သတိပြုရှောင်ရှားကြစေလိုကြောင်း ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူ လူငယ်များက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ ဆက်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းဆောင်ရွက်

**ရေနံချောင်း မတ် ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းကို မတ်လ ၁၈ ရက်က ရေနံချောင်းမြို့မဈေးကြီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များကို ရေးဆွဲဆောင်ရွက်ထားကြောင်းနှင့် ပြည်သူတစ်ဦးချင်းစီက မီးကိုသတိပြုသုံးစွဲကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်အောင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ချစ်ဆုအိမ်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်ချိုဝေလွင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကြည်စိုးဟန်တို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသီးသီး အသိပညာပေးဟောပြောကြသည်။



ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးရှေ့၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုစိုးကြီး**

# ဟိုပုံးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အထွေထွေဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ



**ဟိုပုံး မတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ လူငယ်လူရွယ်များ အတတ်ပညာသာမက အသိပညာ ဗဟုသုတများရှာမှီးနိုင်ရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များဖြစ်လာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုသူများ ဖြစ်စေရန် ရည်ရွယ်၍ အထွေထွေဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မတ်လ ၁၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေရန် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ စာအုပ်ပါ အထွေထွေဗဟုသုတမေးခွန်းများကို ဖြေဆိုကြသည်။ ယင်းနောက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြား ရေးမှူးနှင့်ဝန်ထမ်းများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# အာဖရိကဖလားကို မော်ရိုကိုအသင်းထံ လွှဲပြောင်းပေးရမည့်ဆုံးဖြတ်ချက်အား ဆီနီဂေါနိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ခံကြောင်းအတည်ပြု



ရာဘတ် မတ် ၁၉

ဆီနီဂေါနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၅ အာဖရိကဖလားကို မော်ရိုကိုအသင်းထံ လွှဲပြောင်းပေးရမည့် ဆုံးဖြတ်ချက်အားလက်ခံကြောင်း အတည်ပြုကြေညာခဲ့သည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အိမ်ရှင်မော်ရိုကိုအသင်းနှင့် ဆီနီဂေါအသင်းတို့ ကစားသည့်ပွဲစဉ်၌ မိနစ် ၉၀ အပြီး အချိန်ပိုတွင် မော်ရိုကိုအသင်းကို ပယ်နယ်တီသတ်မှတ်ပေးခြင်းနှင့်ပတ်သက်ပြီး ဆီနီဂေါအသင်းကစားသမားများက ကျေနပ်ခြင်းမရှိသောကြောင့် အသင်းခေါင်းဆောင်မာနေးမှလွဲပြီး ကျန်ကစားသမားများအားလုံး ကွင်းအတွင်းမှ အဝတ်စားလဲခန်းအတွင်းသို့ ထွက်ခွာခဲ့သည့်အတွက် ပွဲချိန် ၁၇ မိနစ်ခန့်ရပ်နားခဲ့ရသည်။

ထို့နောက် ဆီနီဂေါအသင်းခေါင်းဆောင်မာနေးက အသင်းတာဝန်ရှိသူများနှင့် အသင်းဖော်များကို ဖျောင်းဖျမှုများလုပ်ဆောင်ပြီးနောက် ပွဲစဉ်ကို ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး ပွဲချိန် ၉၄ မိနစ်တွင် ဂူယီက ဆီနီဂေါအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူနိုင်ပြီးနောက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် မော်ရိုကိုနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပွဲကစားရန်ငြင်းဆန်ခဲ့သည့် ဆီနီဂေါအသင်း၏လုပ်ရပ်သည် အာဖရိကဘောလုံးအဖွဲ့ချုပ်မှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့်ငြိစွန်းနေသည့်အတွက် ပြန်လည်ကစားခွင့်ပေးရန် အာဖရိကနိုင်ငံဘောလုံးအဖွဲ့ချုပ် အယူခံကော်မတီထံ အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် အာဖရိကနိုင်ငံဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ဆီနီဂေါအသင်းကစားသမားများ၏လုပ်ရပ်သည် သတ်မှတ်စည်းမျဉ်းများနှင့် ငြိစွန်းနေသည့်အတွက် အဆိုပါပွဲစဉ်ရလဒ်ကို ပြန်လည်ပယ်ဖျက်ပြီး မော်ရိုကိုအသင်းကို ၃ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရလဒ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဆီနီဂေါနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက အဆိုပါဆုံးဖြတ်ချက်ကို ငြင်းဆိုထားကာ အယူခံပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ယခုအခါ အာဖရိကဘောလုံးအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်ကိုလက်ခံပြီး ဆုဖလားကို လွှဲပြောင်းပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဆဲလ်တစ်အသင်း ဂိုးသမား ရှမိုက်ကယ် ပခုံးဒဏ်ရာကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိ

ဆဲလ်တစ် မတ် ၁၉

ဆဲလ်တစ်အသင်းဝါရင့်ဂိုးသမား ရှမိုက်ကယ်သည် ပခုံးဒဏ်ရာကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် ရှမိုက်ကယ်သည် အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ပခုံးဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူနေရပြီး အစောပိုင်းက ပုံမှန်ဆေးဝါးကုသမှုများသာ လုပ်ဆောင်နေသော်လည်း ဒဏ်ရာမှာသက်သာလာခြင်းမရှိသည့်အတွက် ခွဲစိတ်ကုသမှုခံယူရမည့်အရေးနှင့်ရင်ဆိုင်နေရသည်။

ရှမိုက်ကယ်သည် ကာလရှည်ခံစားနေရသည့် ပခုံးဒဏ်ရာကို မကြာမီခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ယခုဘောလုံးရာသီကုန်အထိ ဆဲလ်တစ်အသင်းအတွက် ပါဝင်ကစားပေးနိုင်တော့မည်မဟုတ်ဘဲ ရာသီအကုန်တွင်လည်း ဆဲလ်တစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်၍ လမ်းခွဲရမည့် အခြေအနေများကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ဖွယ်ရှိနေသည်။

ရှမိုက်ကယ်သည် ၎င်းကိုယ်တိုင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရဖွယ်ရှိနေသည်ဟု ဝန်ခံပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# ချန်ပီယံလိဂ်ပြိုင်ပွဲရှုံးထွက်အဆင့်တွင် ဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားအဖြစ် ယာမယ်မှတ်တမ်းဝင်

ဘာစီလိုနာ မတ် ၁၉

ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်၌ ပယ်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်တွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ယာမယ်သည် ပွဲချိန်ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ခုနစ်မိနစ်တွင် ဘာစီလိုနာအသင်းမှ ရာဖင်ဟာကို နယူးကာဆယ်အသင်းမှ အသင်းခေါင်းဆောင် ထရစ်ပီးယားက ပယ်နယ်တီဧရိယာအတွင်း ဆွဲလှဲခဲ့သည့်အတွက် ရရှိသည့် ပယ်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်သည် ဘာစီလိုနာအသင်းနှင့် နယူးကာဆယ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အချိန်၌ အသက် ၁၈ နှစ်သာရှိသေးသည့်အတွက် ဘာစီလိုနာအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မက်ဆီပြီးလျှင် ရှုံးထွက်အဆင့်တွင် ဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်သည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၀ သွင်းယူခဲ့သည့်အပြင် ဂိုးဖန်တီးမှုလည်း ၁၄ ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Top Skills Sports UK*



# ရီးယဲလ်မက်ဒရစ်အသင်း အဓိကဂိုးသမား ကော့တွိုက် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် အက်သလက်တီကိုအသင်းနှင့်ပွဲစဉ်ကိုလွဲချော်မည်

မက်ဒရစ် မတ် ၁၉

ရီးယဲလ်မက်ဒရစ်အသင်းက အဓိက ဂိုးသမား ကော့တွိုက်သည် မန်စီးတီးအသင်းနှင့်ကစားသည့် ပွဲစဉ်တွင်ရရှိသည့် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် အက်သလက်တီကိုအသင်းနှင့် ကစားမည့်ပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ကော့တွိုက်သည် မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကစားသည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက် ဒုတိယအကျော့ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ကစားခဲ့သော်လည်း ပထမပိုင်းတွင် ခြေထောက်ကြွက်သားဒဏ်ရာရရှိသဖြင့် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် ဒုတိယပိုင်းတွင် အသင်းဖော်ဂိုးသမား လူနင်နှင့်လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကော့တွိုက်၏နေရာ၌ လူစားဝင်ကစားခဲ့သည့် ဂိုးသမား လူနင်သည်လည်း ဒုတိယပိုင်းတွင် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ကာ မန်စီးတီးအသင်း၏တိုက်စစ်ဆင်မှုများမှ အပိုင်ဂိုးသွင်းခွင့်များကို အကောင်းဆုံးကာကွယ်မှုများလုပ်ဆောင်နိုင်ခဲ့သူဖြစ်သည်။

ကော့တွိုက်အနေဖြင့် ခြေထောက်ကြွက်သားဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဒဏ်ရာကြွခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးရက်သတ္တပတ်အနားယူရန် လိုအပ်နေသည့်အတွက် အရေးကြီးပွဲစဉ်ဖြစ်သည့် အက်သလက်တီကိုအသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ဘာစီလိုနာအသင်းနှင့် အားပြိုင်နေရသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံဆုအတွက် အရေးကြီးပွဲစဉ်အဖြစ် မတ်လ ၂၃ ရက်တွင် စပိန်လာလီဂါပွဲစဉ်(၂၉)အဖြစ် မြို့ခံပြိုင်ဘက် အက်သလက်တီကိုအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၉ ရက်**တွင် တပ်ကုန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၂)စီးနှင့်လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၁ ရက်နှင့် ၁၄ ရက်**တို့တွင် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၀)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ၁၆ ရက်**တွင် လွိုင်ကော်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ဘားအံမြို့နယ်၊ လွန်းညကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ်၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၃၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၃၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head (၁)စီး၊ နောက်တွဲ (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ်၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၂၄၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၆ ရက်**တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၃ ရက်နှင့် ၁၅ ရက်**တို့တွင် ပြည်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် (၁ဒသမ၀၃၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၆၁၆၈)**ကို အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၅ ရက်**တွင် စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၂ဒသမ၄၉၇)တန်၊ ပေါင်(၃၀)ဝင် မီးသွေးအိတ် (၁၂၈)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၉၁၆၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း(၁)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၆၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၅၁၆၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ဘီးလင်းမြို့နယ်၊ သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၇၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ကျိုက်မရောမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းလမ်းခွဲ၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Express Bus (၁)စီး၊ Zhong Tong Bus (၁)စီး၊ Yutong Bus (၁)စီး၊ Kyo Kyar Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၃၃၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၂ ရက်**တွင် သန်လျင်မြို့နယ်၊ ကုလားဝဲတံတားအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန်(၈၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၈၅၉၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ဟိုပုံးမြို့နယ်၊ ပါပန့်ကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ် (၁၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၁၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁၀)စီး၊ လိုင်စင်ရှိမော်တော်ယာဉ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၅၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၅၁၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၆ ရက်**တွင် ဝေါမြို့နယ်၊ ဘုရားဖြူရှောင်ကွင်းလမ်းဘေး၌ စုပုံထားသည့် အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၂၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး၊ လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Proton Jumback Pickup (၁)စီး၊ Toyota Probox (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၃၀၄၄၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၂၇၆၄၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၇၃၇၁၇၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

**ပျောက်ဆုံးကြောင်း**
သန်းသန်းနု(ဘ)ဦးအီစမန်(ခ)မောင်မောင်သန်း ၁၃/လရန(နိုင်)၂၄၅၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စောရန်နိုင်ထွေး(ဘ)ဦးဘီချို ၃/ဘအန(နိုင်)၃၀၀၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 312337)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဆန်းဝင်း(ဘ)ဦးခင်မောင်မြင့် ၉/တသန(နိုင်)၂၆၇၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သက်ဝတ်သဇင်(ဘ)ဦးရွှေဝါ ၁၀/ပမန(နိုင်)၂၂၇၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၃၂၉၃၆၇

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သစ်ယာကုန်းကျေးရွာအုပ်စု၊ သစ်ယာကုန်းကျေးရွာနေ ကိုချမ်းမြေ့(ဘ)ဦးသန်းထွေး၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/ပဗသ(နိုင်)၀၁၉၂၀၆ မှာ ခရီးသွားလာစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၇၆၇၁၄၈

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
သန်းထွဋ်စိုး(ဘ)ဦးထွန်းဝင်း ၁၂/ရကန(နိုင်)၀၂၉၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၆၅၈၇၄၇

**ပျောက်ဆုံးကြောင်း**
ကိုစိုး(ဘ)ဦးလှမြင့် ၁၂/တတန(နိုင်)၁၉၄၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၃၆၂၈၈


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာရေး ဗိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိသည့် ရွှေဖီဦး
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း ၊
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
1,000,000 ကျပ်
SKY NET

❖ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကိုတွေ့နိုင် . . .
❖ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများအောင်မြင်ဖြစ်ထွန်းစေရေး “စစ်မှန်သော အမျိုးသားရေး စိတ်ဓာတ်” နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန်လို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ အာရှသဲသောင်ပြင်ပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်



ရန်ကုန် မတ် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sanya မြို့၌ ၂၀၂၆ ခုနှစ် ဧပြီလ ၂၂ ရက်မှ ၃၀ ရက် အထိကျင်းပမည့် ၂၀၂၆ အာရှသဲသောင်ပြင်ပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသည် သဲသောင်ပြင်တွင် ကစားရမည်ဖြစ်၍ သဲသောင်ပြင်နှင့်ကစားသမားများ အသားကျစေရန် မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်မှ သဲကွင်းအသစ် ဖော်ဆောင်ပေးထားပြီး လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

“သဲကွင်းမရှိခင်ကတည်းက ဖိနပ်မပါဘဲ မြေပြောင်နဲ့ **စာမျက်နှာ ၂၅ ကော်လံ ၁ ➤**

## နိုင်ငံတကာသတင်း

**ထိုင်းနိုင်ငံ၏ ၃၂ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် အနူတင်ချန်ဝီရာကူ ထပ်မံရွေးကောက် တင်မြှောက်ခံရ** စာ - ၂၃ သို့

---

**အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများကြောင့် ဥရောပ၌ ဓာတ်ငွေ့နှင့် ရေနံဈေးနှုန်းမြင့်တက်လာ** စာ - ၂၃ သို့

## အစေ့ထုတ်ပြောင်း (မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်ရန် အသိပေးခြင်း

၁။ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်သည့် ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေပါသဖြင့် ထိုင်းနိုင်ငံသို့တင်ပို့မည့် အစေ့ထုတ်ပြောင်းဆန်များ၏ စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင် မီးရှို့ခြင်းရှိ/မရှိအား စင်ကာပူနိုင်ငံအခြေစိုက်အာဆီယံမိုးလေဝသဌာန (ASEAN Specialized Meteorological Centre–ASMC) မှ ပေးပို့သည့် Fire Hotspot ဖြစ်ပေါ်တွေ့ရှိမှုများကို အခြေခံကာ နောက်ကြောင်းပြန်စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်၍ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေး လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အနေဖြင့် ထောက်ခံချက်များအား ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့်တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်း (မိုး) စိုက်ရာသီမတိုင်မီ စိုက်ပျိုးမည့်ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းအား လုံး၀ (လုံး၀) ဆောင်ရွက်ခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

**မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံမတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်းထွက်ရှိ

ပွင့်ဖြူ မတ် ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောမတ်ပဲစိုက်ခင်းများကို **စာမျက်နှာ ၂၅ ကော်လံ ၁ ➜**



## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

